သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၁၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၂၁)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ပုဂံ–ညောင်ဦးရှိ အလိုတော်ပြည့်ဘုရား ဖူးမြော်ကြည်ညို

ရန်ကုန် မေ ၁၀

မန္တလေးတိုင်း ပုဂံ–ညောင်ဦးတွင်ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များနှင့်အတူ မေ ၉ ရက် ညပိုင်းတွင် ပုဂံရှိ အလိုတော်ပြည့်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အလိုတော်ပြည့်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဘုရားအမှတ်(၃၉၂)အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့်ဇနီး ဒေါ်မြမြစန်း မေ၉ရက်က ပုဂံရှိ အလိုတော်ပြည့် ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။(သတင်းစဉ်)

ကြီးအုံ–ကြီး၀ ရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များ ပွင့်ဖြူမြို့နယ် မုန်းချောင်းပေါ်ရှိ ကြီးအုံ–ကြီး၀ ရေလှောင်တမံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ **(အောက်ပုံ) (သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မုန်းချောင်းရေလှောင်တမံ စီမံကိန်းကြည့်ရှုစစ်ဆေး
ရေအားလျှပ်စစ်စက်များ အချိန်မီလည်ပတ်နိုင်ရေးတည်ဆောက်ရေးလုပ်ငန်းများ အချိန်ကိုက်ပြီးစီးအောင်ကြိုးပမ်း
တည်ဆောက်မှုအတွေ့အကြုံများကို နောင်လာနောက်သားများကိုးကားနိုင်ရေး စနစ်တကျမှတ်တမ်းတင်ရန်မှာကြား

ရန်ကုန် မေ ၁၀

မန္တလေးတိုင်း ပုဂံ–ညောင်ဦး၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၁၁ ရက်)

နိုင်ငံတော်နှင့် လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းစေမည့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန်အတွက် နိုင်ငံတော်၏ အဓိကစီးပွားရေး လုပ်ငန်းကြီး ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်တစ်ဝန်း တွင် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ငွေကျပ်သန်းပေါင်း၆၉၀၀၀ ကျော် အကုန်အကျခံကာ ဆည်မြောင်း တာတမံလုပ်ငန်းပေါင်း ၁၅၉ခု ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် အဓိကသီးနှံ ၁၀မျိုးနှင့် အခြားသီးနှံများ အထွက်တိုးရေးအတွက် မျိုးကောင်း မျိုးသန့်များ၊ မြေဩဇာများ၊ စိုက်ပျိုးနည်းများ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံ၌ မြေလွတ်မြေရိုင်းများ စသည့်မြေသယံဇာတများစွာရှိရာ နိုင်ငံတော်က လယ်မြေ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေး၊ နှစ်ရှည်သီးနှံစိုက်ပျိုးရေးတို့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ်မြေရိုင်းများကို ဧကထောင်သောင်းချီ၍ ခွင့်ပြုပေးခဲ့ပြီး တိုင်းပြည်၏လယ်ယာလုပ်ငန်းရှင်များ အဖြစ် ပေါ်ထွက်လာအောင် အားပေးပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များလိုက်ပါလျက် မေလ ၆ ရက်နေ့ နံနက်ပိုင်းက ရပ်စောက်မြို့နယ်ရှိ ပွင့်ကောင်းနှင့် ခင်နွဲ့ရီ ကုမ္ပဏီလီမိတက်၏ ကျောက်ဆုံကုန်းခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက–

“ယခုဒေသသည် ကော်ဖီဇရိယာများဖြစ်သည့် ပြင်ဦးလွင်၊ နောင်ချိုဒေသများနှင့်လည်း တစ်ဆက်တစ်စပ်တည်းတည်ရှိသော ဒေသလည်းဖြစ်ကြောင်း၊ ယင်းမြေဇရိယာများကို တိုင်းရင်းသား လုပ်ငန်းရှင်များအား ခွဲဝေချထားပြီး ကော်ဖီနှင့် အခြားနှစ်ရှည်ပင်များကို စိုက်ပျိုးဖြစ်ထွန်းလာအောင် အားပေးသွားရန် မိမိတို့စီမံလျက်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း မိမိတို့၏အကျိုး၊ နိုင်ငံတော်၏အကျိုးအတွက် နှစ်ရှည်ပင်စိုက်ကွက်များကို ဖိဖိစီးစီး ဖွဲ့ဖွဲ့ရှိရှိ ဖော်ထုတ်သွားကြရမှာ ဖြစ်ကြောင်း”

မှာကြားသည်။

ပွင့်ကောင်းနှင့်ခင်နွဲ့ရီ ကုမ္ပဏီလီမိတက်အနေဖြင့် ရပ်စောက်မြို့နယ် တပ်ဦးခြံတွင် ဧက ၂၀၀၊ မြောင်းတော်ခြံတွင် ဧက ၁၁၆၀ နှင့် ကျောက်ဆုံကုန်းခြံတွင် ၉၀၅ဧက စိုက်ပျိုးလုပ်ကိုင်ခွင့်များ ရရှိထားသည်။ ကြံ၊ အစေ့ထုတ်ပြောင်း၊ ယာစပါး၊ ပဲယင်း၊ နံ့စားပြောင်း၊ ကော်ဖီ၊ ရော်ဘာ၊ သံပရာ၊ စပါး၊ သစ်ဆိမ့်၊ လိမ္မော်၊ သရက်၊ လိုက်ချီး၊ လောင်ဂန်၊ ပိန္နဲ၊ ပန်းနှမ်းစသည့် ရာသီ သီးပင်၊ စားပင်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

ရပ်စောက်ဒေသအတွင်း အင်တောနှင့်ဒုဋ္ဌဝတီမြစ်အကြား၌ မြေလွတ် မြေရိုင်းဧက သောင်းချီရှိရာ ရေမြေရာသီဥတု အခြေအနေအရ ကော်ဖီနှင့် အခြားနှစ်ရှည်ပင်များ စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

သို့ဖြစ်ရာ တိုင်းရင်းသား ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်အတွက်လည်းအကျိုးရှိပြီး စိုက်ပျိုးထုတ်လုပ်သော လုပ်ငန်းရှင်များအတွက်လည်း အကျိုးဖြစ်ထွန်းမည့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ဖဲကြိုးဖြတ်ဖွင့်လှစ်

မေ ၈ ရက်က သာကေတမြို့နယ် ၆/အရှေ့ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်၏ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအေးလှသိန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ဓာတ်ပုံ - ၁၀၂)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဥက္ကံမြို့ ဦးမောင်ရုံး–ဒေါ်ရင် ဘိုးဘွားရိပ်သာဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဦးမောင်ရုံး–ဒေါ်ရင် ဘိုးဘွားရိပ်သာဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၇နာရီက အဆိုပါဘိုးဘွားရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဦးမောင်ရုံး–ဒေါ်ရင် ဘိုးဘွားရိပ်သာ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် အလှူရှင်ဒေါ်ရန်တိ (Sun Far Travels and Tours Co.,Ltd.)တို့က ဥက္ကံမြို့ ဦးမောင်ရုံး–ဒေါ်ရင် ဘိုးဘွားရိပ်သာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ဥက္ကံမြို့ ဦးမောင်ရုံး–ဒေါ်ရင်ဘိုးဘွား ရိပ်သာဖွင့်ပွဲ ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက် ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန် မြောက်ပိုင်း ခရိုင် တိုက်ကြီး မြို့နယ် ဥက္ကံမြို့၌ ဦးမောင်ရုံး–ဒေါ်ရင် ဘိုးဘွားရိပ်သာ ဆောက်လုပ်၍ ဒေသခံကျောထောက် နောက်ခံသားသမီးမရှိသည့် သက်ကြီးအဘိုးအဘွားများအား စောင့်ရှောက်နိုင်ရန် ဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်း ခြင်းအတွက် ဂုဏ်ပြုကျေးဇူးတင် စကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ် စိန်ထွားက လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အောက်ရှိ လူမှုဝန်ထမ်း ဦးစီးဌာန၏ လုပ်ငန်းများအနက် သက်ကြီးဘိုးဘွားများ စောင့်ရှောက်ရေးလုပ်ငန်းသည် အဓိကလုပ်ငန်းတွင် ပါဝင်မှုအခြေအနေနှင့် ဘိုးဘွားရိပ်သာ များ၌ သားသမီးဆွေမျိုးများက စောင့်ရှောက်ထောက်ပံ့ နိုင်ခြင်းမရှိသည့် ဘိုးဘွားများကို စောင့်ရှောက်ခြင်းနှင့် ဘိုးဘွားရိပ်သာများ တည်တံ့တိုးတက်အောင် ဆောင်ရွက် ပေးခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဥက္ကံမြို့ ဦးမောင်ရုံး–ဒေါ်ရင် ဘိုးဘွားရိပ်သာ အတွက်အလှူရှင်များက အလှူငွေများပေးအပ်ရာ အလှူရှင် ဒေါ်ရန်တီ၊ ဦးသန်းဦး–ဒေါ်နှင်းကြည်(Sun Far Travels and Tours Co., Ltd.)တို့က မြေ ၁ ဒသမ ၇ ဧက အတွက် ငွေ ကျပ် ၃၂ သိန်း၊ အဆောက်အအုံ တန်ဖိုးငွေ ကျပ် ၄၀၅ သိန်း ၅ သောင်း၊ ပရိဘောဂနှင့် အဝတ်အထည် ပစ္စည်း တန်ဖိုးငွေကျပ် ၃၆ သိန်း ၅ သောင်း၊ ငွေပဒေသာပင် အတွက် အလှူငွေ ကျပ်သိန်း ၅၀ နှင့် အဘိုးအဘွားများ အတွက် နှစ်လစာ စားစရိတ် နှစ်သိန်းအပါအဝင် စုစုပေါင်း ငွေကျပ် ၅၂၆သိန်းကို ပေးအပ်လှူဒါန်းရာတိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေကလည်းကောင်း၊ ဦးအောင်မျိုးဇော်–ဒေါက်တာ ဒေါ်သန္တာထွန်း(အောင်ဆေးကုခန်း)က မြေ ၁ ဒသမ ၈၃ ဧကအတွက် အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လည်းကောင်း၊ ပန်းချီ ဦးကြည်သိန်း က ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ဘုရားခန်း အတွက် ပန်းချီကားကို ပေးအပ်လှူဒါန်းရာ တိုက်ကြီး တပ်နယ်မှ ဗိုလ်မှူးချုပ်ထိန်ဝင်းက လည်းကောင်း ၊ဥက္ကံမြို့ရှိ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အခြေခံ ပညာ အထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံတို့အား ငွေကျပ် သုံးသိန်းစီ စုစုပေါင်း ၂၁ သိန်းကို ဦးသန်းဦး–ဒေါ်နှင်းကြည် (Sun Far Travels and Tours Co., Ltd.)က ပေးအပ်လှူဒါန်းရာ တိုက်ကြီးမြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းက လည်းကောင်း လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုသန်းက ဘိုးဘွားရိပ်သာ ဖြစ်မြောက်ရေး ကော်မတီသို့ ဂုဏ်ပြုချီးမြှင့် ငွေကျပ် တစ်သိန်းကို ပေးအပ်ရာ ဘိုးဘွား ရိပ်သာဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ဖွင့်လှစ်သည့် ဥက္ကံမြို့ ဦးမောင်ရုံး–ဒေါ်ရင် ဘိုးဘွားရိပ်သာသည် မြေဧရိယာ ၃ ဒသမ ၅၃ ဧကေ ကျယ်ဝန်းကာ တစ်ထပ် အဆောက်အအုံဖြစ်ပြီး ယခုအခါ သက်ကြီး အဘိုး ၁၁ ဦးနှင့် အဘွား ၁၁ ဦး ပေါင်း ၂၂ ဦး အား ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက်ရောက်လာကြသော **ပညာရေးကိုယ်စားလှယ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

■ ***ကျောဖုံးမှ***

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ပညာရေးကိုယ်စားလှယ် ဆရာဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ မြင့်မားသောအရှိန်အဟုန်ဖြင့် နက်ရှိုင်းကျယ်ပြန့်စွာ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများသည် ကမ္ဘာ့နိုင်ငံအသီးသီးကို ပညာရေးပြုပြင်ပြောင်းလဲမြှင့်တင်မှုများ မဖြစ်မနေပြုလုပ်ကြစေရန် တွန်းအားပေး စေ့ဆော်လျက်ရှိနေသည့်အတွက် နိုင်ငံတိုင်း နိုင်ငံတိုင်းအနေဖြင့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေစွာ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြခြင်းကို ပညာရှင်များ အသိအမြင်ပင်ဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများနှင့် လျော်ညီစွာ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့ဖော်ဆောင်ပေးနိုင်မည့် ရေရှည်ကို ဦးတည်မျှော်မှန်းသော အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံများကို လွန်ခဲ့သော ငါးနှစ်ကျော် ခြောက်နှစ်ခန့်ကာလကတည်းက စတင်ပြီး စနစ်တကျစီမံချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် ထိုက်သင့်သော တိုးတက်ပြောင်းလဲမှုများနှင့်အတူ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တစ်စထက်တစ်စ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာတိုးတက်ပြောင်းလဲမှုများနှင့် ယှဉ်တွဲဖြစ်ထွန်းနေစေရန် အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံတွေ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာတွေ၊ တိုင်းရင်းသားလူမျိုးများ စုစည်းယှက်နွယ်ပေါင်းစည်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုကြီး၏ ထူးခြားသည့်အနှစ်သာရတွေ၊ အမျိုးသားရေးစရိုက်လက္ခဏာတွေကို အခြေခံထားသည့် အမျိုးသားရေးမူဝါဒတွေနှင့် ဖော်ဆောင်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်တွေကို အထောက်အကူပြုနိုင်မည့် ပညာရေးစနစ်တစ်ရပ် ဖြစ်လာစေရန် အလေးထားစီမံဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှုကို အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ထိန်းသိမ်းဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ်ဖြစ်စေရန်၊ ကျောင်းသူကျောင်းသားလူငယ်များကို နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုနှင့်အညီ အရည်အသွေးနှင့် ပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်သည့် ပညာရေးစနစ်တစ်ရပ်ဖြစ်စေရန်၊ အမျိုးသားရေးစရိုက်လက္ခဏာများ၊ မြန်မာ့ဓလေ့ လူမှုနှုန်းစံများကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ်ဖြစ်စေရန်နှင့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာရေးကိုဦးတည်သော ပညာရေးစနစ်တစ်ရပ် ဖြစ်စေရန်ဆိုသည့် ရည်ရွယ်ချက် ရည်မှန်းချက်များနှင့် အဘက်ဘက်က စနစ်တကျစီမံဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

အဓိကထား

ယနေ့ပညာရေးနှီးနှောဖလှယ်ပွဲကြီးတွင် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်နှင့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်မှုတွေ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများအတွက် ဆွေးနွေးညှိနှိုင်းမှုတွေမှာလည်း ယခုရှင်းပြခဲ့သည့် အခြေခံများနှင့် ဆီလျော်ကိုက်ညီမှုရှိစေအောင် ပညာရှင်များ၊ ဆရာကြီး၊ ဆရာမကြီးများအားလုံးက အဓိကထား ဆွေးနွေးညှိနှိုင်းသွားကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ၁၉၉၈ခုနှစ်က စတင်ပြီး ယခုလို ပညာရေးကဏ္ဍက ပညာရှင်များ၊ စီမံခန့်ခွဲသူများ၊ ဆရာကြီး၊ ဆရာမကြီးများ စုံစုံညီညီပါဝင်သည့် ပညာရေးနှီးနှောဖလှယ်ပွဲများကို နှစ်စဉ်မပျက်ကျင်းပပြီး အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းအဆင့်ဆင့်ကို တစ်နှစ်ချင်း၊ တစ်ဆင့်ချင်း တိုးမြှင့်စီမံချမှတ်ဆောင်ရွက်လာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် သတ္တမအကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း။

တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း

၁၉၉၈ခုနှစ်ကစတင်ပြီး အခြေခံပညာကဏ္ဍတွင် တစ်နှစ်ချင်း၊ တစ်ဆင့်ချင်း မြှင့်တင်ဆောင်ရွက်ခဲ့သည့် ပညာရေးမြှင့်တင်မှုအစီအစဉ် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်လုပ်ငန်းစဉ်များ၊ ၂၀၀၀ပြည့်နှစ်က စတင်ပြီး ပညာရေးမြှင့်တင်မှုအစီအစဉ် တတိယအဆင့်နှင့် ယှဉ်တွဲပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို ချိတ်ဆက်ဆောင်ရွက်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းလုပ်ငန်းစဉ်တွေ၊ ဤအမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်ကစတင်ပြီး ဆက်စပ်ဆောင်ရွက်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေးအနှစ်(၃၀)နှစ်ရှည် စီမံကိန်းလုပ်ငန်းစဉ်တွေကို တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း အရည်အသွေးရော အနှစ်သာရပါ ဆင့်ပွားတိုးတက် မြှင့်တင်ဆောင်ရွက်လာနိုင်ခဲ့ခြင်းမှာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းနိုင်မှုကြောင့်ပင်ဖြစ်ကြောင်း။

၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းမှာ ယခုနှစ်တွင် အောင်မြင်ပြီးဆုံးခဲ့ပြီဖြစ်၍ စီမံကိန်းအကောင်အထည်ဖော် အောင်မြင်ဖြစ်ထွန်းမှုပြပွဲတစ်ရပ်ကို ယခုမေလဆန်းပိုင်းမှာပင် ဂုဏ်ယူဝင့်ကြွားစွာ ခင်းကျင်းပြသနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် ထူးခြားလေးနက်သည့် ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုတွေကို ပီပီပြင်ပြင် ခိုင်ခိုင်မာမာ တွေ့မြင်နေရပြီဟု ဆိုနိုင်ကြောင်း။

ပီပီပြင်ပြင်ပေါ်ထွန်း

ယခုဆိုလျှင် ကျောင်းသားကိုဗဟိုပြုပြီး ကျောင်းသူကျောင်းသား တစ်ဦးချင်း၏ မိမိဝါသနာ၊ ဗီဇနှင့် အရည်အသွေးတို့အရ ဘက်စုံထူးချွန်မှုနှင့် သီးခြားကျွမ်းကျင်မှုတို့ကို ယှဉ်တွဲပြုစုပျိုးထောင် ပေးနိုင်သည့်အပြင် လူ့ဘောင်အဖွဲ့အစည်းနှင့် အပြန်အလှန် ဆက်စပ်အကျိုးပြုသော ပညာရပ်တွေ၊ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားရေးသက်သက်သာမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလယ်အလတ် လမ်းသွယ်များကို ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းတွေ၊ အဆင့်မြင့်ပညာအဆင့်များတွင်လည်း ပညာရပ်များအလိုက် အထူးပြုတက္ကသိုလ်များထူထောင်ပေးမှုတွေ၊ ပညာရပ်မျိုးကွဲများအလိုက် ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ပေးမှုတွေစသည့် အခွင့်အလမ်းပွင့်ပညာရေးစနစ်တစ်ရပ် ပီပီပြင်ပြင်ပေါ်ထွန်းနေပြီဖြစ်ကြောင်း။

ထို့ပြင် ဆရာကနေ တစ်ဖက်သတ် သင်ကြားပို့ချပေးမှုစနစ်မှသည် ခေတ်မီသတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကိုအခြေခံသည့် သင်ကြားမှုနှင့် သင်ယူမှု အပြန်အလှန်အကျိုးပြုနိုင်သော (Interact)ဖြစ်သည့် ပညာရေးစနစ်ကို ကူးပြောင်းနိုင်ခဲ့ပြီး ယင်းသင်ကြားမှု သင်ယူမှုစနစ်ကို အထောက်အကူပြုသည့် Multi-Media Classroom များ၊ Learning Centre များ၊ Resource Centre များစသည့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း ဖြစ်ထွန်းလာခဲ့ပြီဖြစ်ခြင်းကြောင့် သင်ကြားမှုသင်ယူမှုအရည်အသွေးကို ထူးထူးခြားခြားမြှင့်တင်ပေးနိုင်ခဲ့သဖြင့် မြို့ပြနှင့်ကျေးလက်ပညာရေး အခွင့်အလမ်းကွာဟမှုများကိုလည်း ကျဉ်းမြောင်းစေလျက်ရှိသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းမှုများမှာ ပညာရေးကဏ္ဍက မျှော်မှန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် **“အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခေတ်ဖြာ”**ဆိုသည့် ဂုဏ်ဒြပ်နှင့် အရည်အသွေးများ ပညာရေးကဏ္ဍမှာ ရုပ်လုံးပေါ်ဖြစ်ထွန်းနေပြီဆိုခြင်းကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း။

အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်

အခြေခံပညာကဏ္ဍ၏ သီးခြားရည်မှန်းချက်တစ်ရပ်ဖြစ်သည့် နိုင်ငံသူနိုင်ငံသားတိုင်း အခြေခံပညာပြီးဆုံးစေရေး ရည်မှန်းချက်နှင့်ပတ်သက်ပြီးလည်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်များကို ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ အပါအဝင် တစ်မျိုးသားလုံး တက်ညီလက်ညီပူးပေါင်းပြီး တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၀၃ခုနှစ် သူငယ်တန်းအရွယ်ကလေးများ၏ ကျောင်းနေနှုန်းသည် တစ်နိုင်ငံလုံး အတိုင်းအတာအရ ၉၅ ဒသမ ၀၅ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာသည်ကိုတွေ့ရကြောင်း၊ အထူးအာရုံစူးစိုက်ဆောင်ရွက်ခဲ့သည့် စီမံချက်ဝင်မြို့နယ်များ၌ သူငယ်တန်းအရွယ် ကျောင်းဝင်နှုန်းမှာ ၉၈ဒသမ၉၃ရာခိုင်နှုန်းအထိ မြင့်မားလာသည်ကို တွေ့ရကြောင်း။

မူလတန်းပညာပြီးဆုံးသော ကလေးများအတွက် အလယ်တန်းပညာကို မိမိဒေသအတွင်း အလွယ်တကူ ဆက်လက်သင်ယူခွင့်ရရှိရေးအတွက် မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်ပေးခဲ့ရာမှာ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်မှာ မူလတန်းလွန်ကျောင်း ၃၈၂၉ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် အလယ်တန်းအဆင့် ပဉ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်းကျောင်းသား ၂၃၈၈၀၀ ကျော်အတွက် အလယ်တန်းပညာ သင်ကြားနိုင်မှုအခွင့်အလမ်းများ တိုးတက်ဖန်တီးပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

တိုးမြှင့်ဖွင့်လှစ်ပေးနိုင်

ဆရာအတတ်ပညာမြင့်မားရေး၊ ဆရာ ဆရာမများ စဉ်ဆက်မပြတ် အဆင့်မြင့်ပညာများ တိုးတက်သင်ယူနိုင်ရေးနှင့် ဆရာလိုအပ်မှုကို ပုံမှန်ဖြည့်တင်းနိုင်ရေးတို့အတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ဆရာအတတ်သင်တန်းတွေ၊ ဘွဲ့လွန်သင်တန်းတွေ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း။

ယခုဆိုလျှင် ပညာရေးတက္ကသိုလ်နှစ်ခုနှင့် ပညာရေးကောလိပ် ၂၀ တို့မှာ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ပညာရေးသင်တန်းတွေ၊ M.Ed နှင့် Ph.D သင်တန်းတွေ၊ PGDT နှင့် PGDMA သင်တန်းတွေ ဖွင့်လှစ်ပေးနေသည့်အပြင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ကျွမ်းကျင်မှုသင်တန်း(Pre-Service Teacher° Education°Competency Training-PTECT)သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်နေပြီဟု သိရကြောင်း။

ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများကို နိုင်ငံတော်အစိုးရကသာမက မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များ၏ အကူအညီဖြင့် အခြေခံပညာကျောင်းများမှာ တိုးချဲ့တပ်ဆင်ဖွဲ့စည်း သင်ကြားလျက်ရှိသည့်အတွက် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်မှာ Multi-Media Classroon ဖွဲ့စည်းအသုံးပြုနိုင်သည့်ကျောင်းပေါင်း ၁၁၅၂ ကျောင်း၊ Media-3 Platform တပ်ဆင်နိုင်သည့်ကျောင်း ပေါင်း ၃၅၀ ကျော်၊ Media-2 Platform တပ်ဆင်နိုင်သည့်ကျောင်းပေါင်း ၁၀၀၀ နီးပါးနှင့် Media-1 Platform တပ်ဆင်နိုင်သည့်ကျောင်းပေါင်း ၁၄၀၀၀ ကျော် ရှိပြီဖြစ်သည့်အတွက် စုစုပေါင်း ၁၆၈၁၀ ကျောင်းအထိ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း။

ကျောင်းသားကျောင်းသူများ၏ သင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးပွားစေရေးအတွက် Electronic Data Broadcasting System ဖြင့် ပို့ချပေးနေသည့် e-Education Learning Centre ၄၅၅ ခုဖွဲ့စည်းပေးထားပြီးဖြစ်ခြင်းကြောင့် ယခုထပ်မံပြီး ၁၆၄ခု တိုးချဲ့ဖွဲ့စည်းသွားဖို့ စီစဉ်လျက်ရှိသည့်အတွက် မကြာမီ ကာလမှာ Learning Centre ၆၁၉ ခုအထိ တိုးတက်လာမှာဖြစ်ကြောင်း၊ ယင်း Learning Centre များ အထဲမှာ Learning Centre ပေါင်း ၅၄၈ ခုမှာ အခြေခံပညာကျောင်းများမှာ ဖွင့်လှစ်ထားခြင်းဖြစ်သည်ကို တွေ့ရကြောင်း။

အားရဂုဏ်ယူဖွယ်

ယခုလို အဘက်ဘက်က ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရအောင် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အခြေခံပညာကဏ္ဍသည်

စာမျက်နှာ ၁၁ ကော်လံ ၁

ပြိုတီသျှတပ်ဖွဲ့ဝင်များကို အယ်လ်ဆာဒါ၏သစ္စာခံများ တိုက်ခိုက် ဘာဆာရာနှင့် အမ်မာရာမြို့တို့၌ ပြိုတီသျှတပ်ဖွဲ့ဝင် ကိုးဦးဒဏ်ရာရ

ဘာဆာရာ မေ ၉

အီရတ်ခေါင်းဆောင် အယ်လ် ဆာဒါကို သစ္စာခံသောသူများနှင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များဖြစ်ပွားသည့် တိုက်ပွဲသည် ဗြိတိသျှတို့ထိန်းချုပ်ထားသော အီရတ်တောင်ပိုင်းသို့ ကျယ်ပြန့်လာရာ အယ်လ်ဆာဒါသစ္စာခံများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များသည် တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။

ဘာဆာရာနှင့် အမ်မာရာမြို့နှစ်မြို့တွင် ဖြစ်ပွားခဲ့သောတိုက်ပွဲများတွင် ဗြိတိသျှတပ်ဖွဲ့ဝင်ကိုးဦးဒဏ်ရာရခဲ့ပြီး ဆာဒါ၏မီဒီတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့သည်။ ဘာဆာရာတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲမဖြစ်မီ ဒုံးပစ်လောင်ချာများ ကိုင်ဆောင်ထားသော သေနတ်သမားများသည် ပြည်နယ်အုပ် ချုပ်ရေးရုံးနှင့်ယခင်ဆက်ဒမ်ဟူစိန်၏ ရုံးချုပ်၌ရှိနေကြသော ဆန္ဒပြသူများနှင့် ပူးပေါင်းသွားခဲ့ကြသည်ဟု ဗြိတိသျှစစ်ဘက် ပြောခွင့်ရှိသူက ပြောကြားသည်။

ဖြစ်ပွား

အီရတ်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းရှိ နာဂျက်ဖ်နှင့် ကာဘာလာမြို့များတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဆာဒါတပ်ဖွဲ့ဝင်များ ရက်များစွာကြာအောင် တိုက်ပွဲများဖြစ်ခဲ့ကြပြီးနောက် ယခုကဲ့သို့ ဘာဆာရာနှင့် အမ်မာရာတွင် တိုက်ပွဲများဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ကန်တပ်ဖွဲ့ဝင်များညှဉ်းပန်းနှိပ်စက်မှု အီရတ်အကျဉ်းသားတစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၉

အမေရိကန်တပ်ဖွဲ့ဝင်များလက်တွင်း၌ ရှိနေသော **အီရတ်လူမျိုးများကို မတော်မတရား ညှဉ်းပန်းနှိပ်စက်သည်ဆိုသော စွပ်စွဲမှုအသစ်များသည် အီရတ်နိုင်ငံတောင်ပိုင်းဒေသရှိ အခြားအကျဉ်းထောင်တစ်ခုတွင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ နာဆီရီယာမြို့ပြင်ဘက်ရှိ အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း သေဆုံးခဲ့သောဘာ့သ်ပါတီ တာဝန်ရှိသူဟောင်းတစ်ဦးသည် အသတ်ခံရခြင်းဖြစ်ဖွယ်ရာရှိသည်ဆိုခြင်းနှင့်ပတ်သက်ပြီး အမေရိကန် စစ်ဘက်က စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း အေဘီစီ သတင်းဌာနက ပေးပို့ခဲ့သည်။**

အဆိုပါ သတင်းတွင် ဖာနာဒမ်ဟာတာ၏ ရုပ်အလောင်းကို ဖော်ပြခဲ့ပြီး ၎င်းသည် အကျဉ်းထောင်ကို စောင့်ကြပ်သော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ၏ ရိုက်နှက်မှုကြောင့် သေဆုံးရကြောင်း သိရသည်။ ဟာတာသည် လွန်ခဲ့သောဇွန်လက အကျဉ်းထောင်ထဲတွင် သေဆုံးခဲ့ခြင်းဖြစ်ကာ တရားဝင်သေမှုသေခင်း စစ်ဆေးချက်များအရ အသတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

(စီစီတီဗွီ)

အီရတ်တို့အား အမေရိကန်တို့ ညှဉ်းပန်းနှိပ်စက်မှု ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး ပြစ်တင်ရှုတ်ချ

ကူဝိတ် မေ ၉

အမေရိကန်တပ်များက အီရတ်အကျဉ်းထောင်ရှိ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး၏ဝေဖန်ပြောဆိုချက်ကို သတင်းစာများက ကိုးကား ဖော်ပြခဲ့ကြသည်။

ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး ရှိပ်ခ်မိုဟာမက်အယ်လ်ဆလမ်အယ်လ်ဆာဘား၏ ဝေဖန် ချက်များသည် အီရတ်အကျဉ်းသားများအား အမေရိကန်ပြည်ထောင်စုက ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် စပ်လျဉ်း၍ ကူဝိတ်နိုင်ငံ၏ ပထမဆုံး ပြစ်တင်ရှုတ်ချမှုဖြစ်သည်။

အမေရိကန်တို့ထိန်းချုပ်ထားသော အီရတ်ရှိအဘူဂါရိပ်အကျဉ်းထောင်၌ အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်သည့် ဓာတ်ပုံများသည် အာရပ်ကမ္ဘာတွင် ဒေါသဖြစ်စေခဲ့သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဒေါ်နယ်လ်ရမ်းစဖဲလ်က အဆိုပါ အဘူဂါရိပ်အကျဉ်းထောင်ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ တာဝန်မကင်းကြောင်း သောကြာနေ့၌ ဝန်ခံခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

လုံခြုံရေးစောင့်ကြပ်

မေ၉ရက်က နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလလုံခြုံရေးကောင်စီသို့ တင်သွင်းသည့် လက်ခ်ဒါ၏အစီရင်ခံစာ အီရတ်လူမျိုးများထံမှရရှိသည့်အချက်အလက်များဖြစ်

ဘဂ္ဂဒက် မေ ၉

အီရတ်ကြားဖြတ် အစိုးရဖွဲ့စည်းရေးတွင် အကူအညီပေးသော ကုလသမဂ္ဂသံတမန်က အမေရိကန်ခန့်အပ်သည့် အီရတ်အုပ်ချုပ်မှုကောင်စီဝင် များ၏ ဝေဖန်ပြစ်တင်ချက်များကို စနေနေ့၌ လက်မခံဘဲ ပယ်ချလိုက်သည်။

ကုလသမဂ္ဂသံတမန်လက်ခ်ဒါဘရာဟီမီသည် ၎င်း၏အစီအစဉ်များနှင့်စပ်လျဉ်း၍ သူတို့အားတိုင်ပင်ညှိနှိုင်းခြင်းမရှိကြောင်း အမေရိကန် ခန့်အပ်သည့် အုပ်ချုပ်ရေးကောင်စီက စွပ်စွဲခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီသို့ အသွင်ကူးပြောင်းရေးအဖွဲ့သစ်ဖွဲ့စည်းမှုနှင့်ပတ်သက်၍ မိမိတင်သွင်း ခဲ့သော အစီအစဉ်များသည် မိမိသို့မဟုတ် ကုလသမဂ္ဂက ရေးဆွဲခဲ့သော အစီအစဉ်များ မဟုတ်ကြောင်းကိုအီရတ်အုပ်ချုပ်ရေး ကောင်စီဝင်များအား လက်ခ်ဒါ ဘရာဟီမီက ပြောကြားခဲ့သည်။ မိမိတို့၏အလုပ်မှာ လုံခြုံရေးကောင်စီသို့ မိမိတို့တင်သွင်းခဲ့သော အစီအစဉ်များကို ရှင်းပြရန်ဖြစ်ကြောင်း၊ ယင်းအစီအစဉ် များကို ကုလသမဂ္ဂကသော်လည်းကောင်း၊ မိမိကသော်လည်းကောင်း ရေးဆွဲခဲ့ခြင်း မဟုတ်သော်လည်း မိမိတို့ဖတ်ကြားသည်မှာ အီရတ်လူမျိုးအများ အပြားထံမှ ရရှိခဲ့သည့် အချက်အလက်များပင်ဖြစ်ကြောင်း ဘရာဟီမီက ပြောကြားသည်။

ဘရာဟီမီက မိမိ၏အခန်းကဏ္ဍသည် အကြံပေးရန်သာ ဖြစ်သည်ဟု ပြောကြားခဲ့ပြီး ၎င်းက ဝါရှင်တန်နှင့် ကောင်စီတို့ရေးဆွဲခဲ့သော ယခင် အစီအစဉ်များကိုပြောင်းလဲရန် အကြံပြုခဲ့သည်။ အမေရိကန်နှင့် အီရတ်အုပ်ချုပ်ရေးကောင်စီတို့က ပါတီအဖွဲ့ဝင်အဖြစ် လက်ခံခြင်းထက်ယှဉ်ပြိုင်ခြင်းကို အလေးထား ဖော်ပြခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

အာဖဂန်နစ္စတန်အလယ်ပိုင်း၌ ကန်တပ်ဖွဲ့ဝင်များတိုက်ခိုက်ခံရ မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေပြီး တစ်ဦးဒဏ်ရာရရှိ

ကဘူးလ် မေ ၉

အာဖဂန်အလယ်ပိုင်း ဥရုဂန်ပြည်နယ်၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် သေနတ်သမားများတိုက်ပွဲ ဖြစ်ပွားမှုကြောင့် အမေရိကန် မရိမ်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်များသည် တောင်ပိုင်း၌ ကင်းလှည့်သွားစဉ် သောကြာနေ့က တာရင်ကုတ်မြို့ တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ဒုတိယ ဗိုလ်မှူးကြီးတတ်ကာမန်ဆာဂျာက သတင်းထောက်များကို ကဘူးလ်မြို့၌ ပြောကြားသည်။ ပူးပေါင်းတပ်ဖွဲ့ဝင်များ တာရင်ကုတ်မြို့တောင်ပိုင်း၌ ယမန်နေ့ညပိုင်းက တိုက်ခိုက်ခံရပြီး အမေရိကန် မရိန်းတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိသွားကြောင်း ၎င်းက ပြောကြားသည်။

တိုက်ခိုက်ရေးသမားများသည် အာဖဂန်နစ္စတန်ရှိ နိုင်ငံခြားတပ်များနှင့် ကဘူးလ်မြို့ရှိ အမေရိကန်တို့ ကျောထောက်နောက်ခံပြုသော အစိုးရကို လွန်ခဲ့သော သီတင်းပတ် များက ခုခံ တိုက်ခိုက်လျက်ရှိသည်ဟု သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

စီးပွားရေးရည်မှန်းချက်များဂရိအစိုးရကြေညာ

အေသင် မေ ၉

လူမှုရေးပိုမိုစည်းလုံးညီညွတ်မှုနှင့်အတူ စီးပွားရေးတိုးတက်မှုကို တိုးမြှင့်သွားမည့် စီးပွားရေးရည်မှန်းချက် ၁၀ ခုကို ဂရိအစိုးရက သောကြာနေ့၌ ထုတ်ဖော်ကြေညာလိုက်သည်။

ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပသော စီးပွားရေးပညာရှင်ညီလာခံ၌ ဂရိစီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဂျော့ချ်အေလိုဂေါ့စ်စကူဖစ်က မိန့်ခွန်းပြောကြားရာ၌ ဂရိနိုင်ငံ၏ အကြီးမားဆုံး စီးပွားရေးပြဿနာမှာ နိုင်ငံတကာယှဉ်ပြိုင်မှုတွင် နိမ့်ကျခြင်းဖြစ်ကြောင်း၊ ယင်းသို့ယှဉ်ပြိုင်မှု နိမ့်ကျခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်မှု မြင့်မားခြင်း၊ စာရင်းရှင်အပ်ငွေ လိုငွေပြမှုမြင့်မားခြင်းနှင့် ကုန်သွယ်ရေးလိုငွေပြမှု ကြီးမားခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကန့်ကွက်ဆန္ဒပြ

မေ ၉ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တို့အား ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေကြသော အီရတ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်မှု

ကန်အငြိမ်းစားဗိုလ်ချုပ်ကြီး ဝက်စ်လီကလပ်ခ် ဝေဖန်ပြောကြား

ဝါရှင်တန် မေ ၉

အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက မတရားညှဉ်းပန်း နှိပ်စက်မှုသည် ယုံကြည်မှုကိုဆုံးရှုံးစေပြီး ဒုက္ခအကျပ်အတည်းတွေ့နေပြီးဖြစ်သော အမေရိကန်စစ်ဘက်ဆိုင်ရာ၏ လုပ်ငန်းကို ဖြည်းဖြည်းချင်းပျက်ပြားစေကြောင်း ဒီမိုကရက်အပတ်စဉ် ရေဒီယိုမိန့်ခွန်းတွင် အငြိမ်းစားဗိုလ်ချုပ်ကြီး ဝက်စ်လီ ကလပ်ခ်က စနေနေ့၌ ပြောကြားလိုက်သည်။

ကလပ်ခ်သည် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)ဝင်ဖြစ်ပြီး ၁၉၉၉ ခုနှစ် ကိုဆိုဗိုပုံးကြဲစစ်ဆင်တိုက်ခိုက်မှုကို ညွှန်ကြားခဲ့သူဖြစ်ပြီး အီရတ်စစ်ပွဲကို အစောဆုံး ဝေဖန်ပြစ်တင်ခဲ့သူဖြစ်သည်။

အီရတ်အကျဉ်းသားများကို အဘူဂါရိပ်အကျဉ်းထောင်၌ အမေရိကန်တပ်ဖွဲ့ဝင်များက မတရားညှဉ်းပန်းနှိပ်စက်ခဲ့မှုအတွက် အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်သည် သောကြာနေ့၌ ဝန်ချတောင်းပန်ခဲ့ပြီး သမ္မတဂျော့ဒဗလျူဘုရှ်က ကြာသပတေးနေ့၌ ဝန်ချတောင်းပန်ခဲ့သည်။

မှတ်ချက်ပေး

မတရားညှဉ်းပန်းနှိပ်စက်မှုနှင့် အရှက်တကွဲဖြစ်ရသော ပုံရိပ်များသည် လူနည်းစု၏ မှားယွင်းသောကျူးလွန်မှုဖြစ်ကြောင်း သမ္မတဘုရှ်က စနေနေ့၌ ပြောဆိုခဲ့သည်ကို မစ္စတာကလပ်ခ်က တုံ့ပြန်လျက် မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ**

ကန်နှင့်အပေါင်းပါတို့အတွက်ထောက်ခံမှုများဆုံးရှုံး ဆာဒါကိုထောက်ခံသူ အင်အားပိုများလာ

ဘဂ္ဂဒက် မေ ၉

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်အချို့၏ အီရတ်အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းမှုသတင်းသည် အမေရိကန်တို့ကို ဆန့်ကျင်နေသော အီရတ်ခေါင်းဆောင် အယ်ဆာဒါ၏ တိုက်ခိုက်မှုကို အားဖြည့်ပေးသကဲ့သို့ ဖြစ်နေသည်။

ဘာဆာရာ၌ရှိသော ဗြိတိန်တပ်ဖွဲ့ဝင်များသည်လည်း အသစ်ထွက်ပေါ်လာသည့် ခြိမ်းခြောက်မှု၊ ဖိအားပေးမှုများနှင့် ရင်ဆိုင်လာရသည်။ လမ်းမများပေါ်ထွက်ရှိလာသည့် အီရတ်လူမျိုး ရာပေါင်းများစွာကို လက်နက်အပြည့်အစုံဖြင့် ရင်ဆိုင်ရသည့်အပြင် အခြေအနေကို ယခုထက် ပိုမိုဆိုးရွားမသွားစေရန်လည်း ကြိုးစား ဖြေရှင်းနေရမှုသည် စိန်ခေါ်မှုတစ်ရပ် သဖွယ်ဖြစ်သည်။

ဘာဆာရာမြို့၌လည်း အီရတ်ခေါင်းဆောင် ဆာဒါကို ထောက်ခံသော အီရတ်လက်နက်ကိုင်များနှင့် ဗြိတိန် တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ယမန်နေ့ညက ဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် တည်ငြိမ်မှုအခြေအနေ ပိုမိုယိုယွင်းလာခဲ့သည်။

ဆာဒါကို ထောက်ခံသူ အင်အားပိုမိုများပြားလာနေပြီး အမေရိကန်နှင့် အပေါင်းပါများအတွက် ကူညီထောက်ခံမှုများ ဆုံးရှုံးလာနေသည်။

ဗြိတိန်တို့က ဒေသတွင်း ပဋိပက္ခဖြေရှင်းရေးအတွက် ဒေသခံ အီရတ်ကာကွယ်ရေးတပ်ဖွဲ့များ၏ အကူအညီကိုရယူရန် ကြိုးပမ်းနေသော်လည်း မရရှိဘဲဖြစ်နေသည်။ **(စီအင်န်အင်န်)**

ရမ်းစဖဲလ်တောင်းပန်မှုအလွန်နောက်ကျဟု အာရပ်တို့ပြောကြား

ဒူဘိုင်း မေ ၉

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်၏ တောင်းပန်မှုသည် နောက်ကျသွားပြီဖြစ်ကြောင်း၊ အမှားတစ်ခုကို ကျူးလွန်ခဲ့ကြောင်း အာရပ်နှင့်ဥရောပဝေဖန်သုံးသပ်သူများက စနေနေ့တွင် ပြောကြားသည်။ ရမ်းစဖဲလ်သည် အီရတ်အကျဉ်းသားများအား ဖမ်းဆီးထားရာမှ လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အရှက်တကွဲ အကျိုးနည်းအောင် ပြုမူဆက်ဆံမှုတို့ဖြင့် တရားစွဲခံနေရသည်ဟု ဆော်ဒီနေ့စဉ်သတင်းစာ၌ ဖော်ပြသည်။

ဂယက်ရိုက်

ရမ်းစဖဲလ်၏တောင်းပန်မှုသည် အလွန်ပင်နောက်ကျခဲ့ပြီဖြစ်ကြောင်း ဂျော်ဒန်လေ့လာသုံးသပ်သူ ဟန်နီဟော်ရမ်နီက ပြောသည်။ ရမ်းစဖဲလ် နုတ်ထွက်သင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ညှဉ်းပန်းနှိပ်စက်မှုသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များချမှတ်ထားသော မူဝါဒတစ်ရပ်ကို ဂယက်ရိုက်စေသည့်အတွက်ကြောင့်ပင်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုအတွက် ရမ်းစဖဲလ်က သောကြာနေ့၌ ဝန်ခံလိုက်ပြီး မတရားညှဉ်းပန်းနှိပ်စက်ခံရသည့် အီရတ်အကျဉ်းသားများအား လေးလေးနက်နက်တောင်းပန်လိုက်သည်။ သို့ရာတွင် နိုင်ငံရေးရန်သူများကို ကျေနပ်သည်အထိတောင်းပန်မည်ဖြစ်သော်လည်း ရာထူးမှနုတ်ထွက်ပေးမည်မဟုတ်ကြောင်း ရမ်းစဖဲလ်က ပြောသည်။ အာရပ်နှင့် ဥရောပပြည်သူများက ရမ်းစဖဲလ်အား ယင်းကိစ္စကျူးလွန်မှုကြောင့် ရာထူးမှနုတ်ထွက်သင့်ဟု ဆိုသည်။ ယင်းကိစ္စများအတွက် မစ္စတာရမ်းစဖဲလ် ရာထူးမှနုတ်ထွက်ရမည်ဟု ဂျာမနီဂရင်းပါတီဥက္ကဋ္ဌ ရင်းဟုတ်ဘူတစ်ကိုဖာက ပြောသည်။ **အမ်အင်အေ၊ ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကန်တပ်ဖွဲ့ဝင်များကျူးလွန်သော ညှဉ်းပန်းနှိပ်စက်မှု အမြန်ဆုံးစစ်ဆေး အေသင်တွင်ကျင်းပသော နိုင်ငံတကာအစည်းအဝေးတစ်ရပ်၌တောင်းဆို

အေသင် မေ ၉

အေသင်၌ကျင်းပလျက်ရှိသော နိုင်ငံတကာဆိုင်ရာအစည်းအဝေးတွင် ကမ္ဘာတစ်ဝန်းလုံးမှ ဘာသာရေးခေါင်းဆောင်များက အီရတ်တွင် ဖမ်းဆီးထားသော အမေရိကန်အပါအဝင် ဓားစာခံများအားလုံးကိုလွှတ်ပေးပြီး အမေရိကန်တပ်ဖွဲ့ဝင်များကျူးလွန်သော မတရားညှဉ်းပန်းနှိပ်စက်မှုများကို အမြန်ဆုံးစုံစမ်းစစ်ဆေးရန် သောကြာနေ့၌ မေတ္တာရပ်ခံလိုက်သည်။

ထို့ပြင် တတိယအကြိမ် နိုင်ငံတကာဆိုင်ရာ ဘာသာရေးအစည်းအဝေးသို့ တက်ရောက်နေကြသော ခေါင်းဆောင်များက အီရတ်၌ စွပ်စွဲချက်မရှိဘဲ ဖမ်းဆီးထားသော အကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန်လည်း တောင်းဆိုခဲ့သည်။

တောင်းဆို

ထို့ပြင် ရာဇဝတ်မှုဖြင့်စွပ်စွဲခံနေရသော အကျဉ်းသားများအတွက်လည်း အာမခံချက်ပေးရန် ပူးတွဲထုတ်ပြန်သည့် ကြေညာချက်၌ တောင်းဆိုလိုက်သည်။

ထို့ပြင် မတရားညှဉ်းပန်းနှိပ်စက်သည့် အတိုင်းအတာပမာဏကို ဆုံးဖြတ်ရန်အတွက် အီရတ်အကျဉ်းသားများအား ကြောက်ဖွယ်ကောင်းအောင် ဆိုးဆိုးရွားရွားပြုမူဆက်ဆံမှုကို အပြည့်အဝ စုံစမ်းစစ်ဆေးပေးရန် ဘာသာရေးခေါင်းဆောင်များက ကုလသမဂ္ဂကို တိုက်တွန်းတောင်းဆိုလိုက်သည်။

အီရတ်ကိုဝင်ရောက်တိုက်ခိုက်ပြီး သိမ်းပိုက်ခဲ့သည်ကို တရားမျှတမှုဖြစ်စေရန် ဘုရှ်အစိုးရက လွဲမှားသော အကြောင်းပြချက်ကို အသုံးချခဲ့သည်မှာ ထင်ရှားကြောင်းနှင့် အပြစ်အနာအဆာရှိသော ထောက်လှမ်းရေးသတင်းရှိခဲ့ကြောင်း၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ဝန်ခံခဲ့ကြောင်း ဘာသာရေးခေါင်းဆောင်များအစည်းအဝေးက ထုတ်ပြန်သည့် ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကြည့်ရှုစစ်ဆေး

မေ ၉ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ ဈေးတစ်ခုတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား ပြီးနောက် ၎င်း နေရာကို အမေရိကန် တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေကြစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဘဂ္ဂဒက်မြောက်ဘက်၌ ဗုံးပေါက်ကွဲ

ဘာကူဘာ(အီရတ်) မေ ၉

ဘဂ္ဂဒက်မြောက်ဘက် ရဲအရာရှိတစ်ဦး၏ နေအိမ်အပြင်ဘက်၌ စနေနေ့က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အီရတ်သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

လွတ်မြောက်

ရဲအရာရှိ မူယာရဒ်အားရစ်မှာ ဘဂ္ဂဒက်မြောက်ဘက် ၅၅ မိုင်အကွာ ဟတ်မြို့၌ဖြစ်ပွားသော ယင်းတိုက်ခိုက်မှုမှ လွတ်မြောက်သွားသည်ဟုဆိုသည်။

ဒဏ်ရာရ

သီးခြားဖြစ်သော တိုက်ခိုက်မှုတစ်ရပ်တွင် သေနတ်သမား သုံးဦးက ဝိဂျာဟီရပ်ကျေးရွာကို ဝင်တိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်။ **အမ်အင်အေ၊ရိုက်တာ**

ပြန်လည်ပစ်ခတ်

ပြန်လည်ပစ်ခတ်

မေ ၉ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုဖြစ်ပွားရာ ပြောက်ကျားတစ်ဦး ပြန်လည်ပစ်ခတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၆ ရက်က ဘဂ္ဂဒက်မြို့ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်တွင် ဒဏ်ရာရခဲ့၍ အယ်လ်ကင်ဒီဆေးရုံ၌ ဆေးကုသမှုခံယူနေသော အီရတ်အမျိုးသားတစ်ဦးနှင့် ကလေးငယ်တစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆေးကုသ

မေ ၆ ရက်က ဘဂ္ဂဒက်မြို့ အမေရိကန် အုပ်ချုပ်ရေးရုံး စစ်ဆေးရေးဂိတ်၌ ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ် တစ်ဦး ဆေးရုံတွင် ဆေးကုသမှု ခံယူနေရသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ၈ရက်က ဘဂ္ဂဒက်မြို့၌အမေရိကန်စစ်ယာဉ်တစ်စီး တိုက်ခိုက်ခံရပြီး မီးလောင်ကျွမ်းနေစဉ် ရဟတ်ယာဉ်တစ်စင်းက ကောင်းကင်ပေါ်မှ ဝဲပျံစောင့်ကြည့်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



မေ ၇ ရက်က နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားရာတွင် အပြစ်မဲ့ အီရတ်ကလေးငယ်တစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိ၍ ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၇ ရက်က ဘဂ္ဂဒက်ဆင်ခြေဖုံး၌ အီရတ်တစ်ဦးက အဘူဂါရိပ်အကျဉ်းစခန်းတွင် ဖမ်းဆီးထားခြင်းခံရစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ရရှိခဲ့သော ဒဏ်ရာကို ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၇ ရက်က အီရတ်နိုင်ငံ ကူဖာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့တိုက်ပွဲ ဖြစ်ပွားပြီး ပျက်စီးသွားသော နေအိမ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

11-5 (06).p65 1 03/24/1905, 8:37 PM

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကျွဲကူး – ကျောက်ဖျာတံတား

တနင်္သာရီတိုင်း မြိတ်မြို့အထွက် မြိတ်–ထားဝယ်လမ်းပေါ်တွင် တံတားအရှည် ၃၆၁၂ ပေရှိ ကျွဲကူး–ကျောက်ဖျာတံတားကို တွေ့ရစဉ်။



မန္တလေးမြို့ အဆင့်မြင့် မြို့တော်ဆေးရုံ

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တည်ဆောက်ထားသော အဆင့်မြင့်မြို့တော်ဆေးရုံကြီးကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် လျှပ်စစ် ဓာတ်အား ၁၂ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိသည့် ဇော်ဂျီ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေသွင်းအဆောက်အအုံကို တွေ့ရစဉ်။

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင်တည်ဆောက်ထားသော ရေဧက ပေ ၈၈၄၀ သိုလှောင်နိုင်သည့် ချောင်းမနက် ရေလှောင်တမံကို တွေ့ရစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ မုန်းချောင်းရေအားလျှပ်စစ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မုန်းချောင်းရေလှောင်တမံအဆင့်ဆင့်တည်ဆောက်ရေး စီမံကိန်းများကို ကြည့်ရှုစစ်ဆေးရန် မေ ၈ ရက် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုဂံ–ညောင်ဦးမှ မကွေးတိုင်း ပွင့်ဖြူမြို့နယ် မုန်းချောင်းပေါ်ရှိ ကြီးအုံ–ကြီးဝ ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိကြရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းရဲတပ်ဖွဲ့မှူးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြီးအုံ–ကြီးဝရေလှောင်တမံ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်၏ အထက်ဘက် ငါးမိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌တည်ဆောက်လျက်ရှိသည့် ကြီးအုံ–ကြီးဝရေလှောင်တမံနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ရေစိမ့်တားနံရံ တည်ဆောက်ပြီးစီးခြင်းလုပ်ငန်းနှင့် ချောင်းရေလွှဲမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ တမံအုတ်မြစ်ပြုပြင်ခြင်း လုပ်ငန်းစသည့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ အခြားဆက်စပ်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အတွေ့အကြုံကောင်းများ အခြေခံ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စိုက်ပျိုးရေရရှိရေးအတွက် ရေလှောင်တမံတည်ဆောက်ခြင်းလုပ်ငန်းအပြင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းကိုပါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတစ်ခုတည်းက တာဝန်ယူ ဆောင်ရွက်သွားရမည်ဖြစ်ရာ လုပ်ငန်းအားလုံးကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ယင်းသို့ဆောင်ရွက်ရာ၌ မုန်းချောင်းဘက်စုံရေလှောင်တမံတည်ဆောက်ခဲ့သည့် အတွေ့အကြုံများအနက် အတွေ့အကြုံကောင်းများကိုအခြေခံ၍ လုပ်ကိုင်ဆောင်ရွက်သွားရန် မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စေတုတ္တရာမြို့နယ်ရှိ ဘူးရွာရေလှောင်တမံစီမံကိန်းတွင် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကြီးအုံ– ကြီးဝ ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ချောင်းရေလွှဲမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြီးအုံ–ကြီးဝရေလှောင်တမံမှာ မုန်းချောင်းရေလှောင်တမံ အဆင့်ဆင့်တွင် ပါဝင်သည့် ရေလှောင်တမံတစ်ခုဖြစ်သည်။

ကြီးအုံ–ကြီးဝရေလှောင်တမံမှာ မဲဇလီရေလွှဲဆည်၏ အထက်ဘက် ငါးမိုင်ခန့်အကွာ တည်ဆောက်ပြီးစီးတော့မည့် မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်း၏ အောက်ဘက် ၁၅ မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင် တည်ဆောက်သွားမည့်တမံ ဖြစ်သည်။

ကြီးအုံ–ကြီးဝရေလှောင်တမံကို မြေသားတမံအဖြစ် တည်ဆောက်သွားမည် ဖြစ်ပြီး မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်ပေးသောရေကို ရေလှောင်တမံနှစ်ခုအကြား ရေဆင်းဧရိယာအတွင်းမှ စီးဆင်းသောရေနှင့်ပေါင်းပြီး ထိန်းညှိကာ ကြီးအုံ–ကြီးဝရေလှောင်တမံမှ ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်လွှတ်ရန်နှင့် တည်ဆောက်ပြီး မဲဇလီရေလွှဲဆည်၏ တူးမြောင်းများမှတစ်ဆင့် လယ်မြေဧကတစ်သိန်းခန့်ကို ဆည်ရေပေးဝေရန် ရည်ရွယ်၍ တည်ဆောက်နေခြင်း ဖြစ်သည်။

မုန်းချောင်းရေလှောင်တမံ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က မုန်းချောင်းရေလှောင်တမံ၏ တမံပိုင်းဆိုင်ရာ၊ ရေအားလျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အံဝင်ခွင်ကျပြီးစီးရေးဆောင်ရွက်ပြီးစီးနေမှု အခြေအနေများ၊ မုန်းချောင်းရေလှောင်တမံတွင် ရေစတင်သိုလှောင်လျက်ရှိရာ ယခုအခါ ရေဧကပေ ၁၈၀၀၀၀ ကျော် သိုလှောင်ရရှိနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက ဆည်မြောင်းဦးစီးဌာနက တာဝန်ယူရသော မုန်းချောင်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းအဆင့်ဆင့်နှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရေလှောင်တမံ၌ လျှပ်စစ်ဓာတ်အားစက်ရုံတည်ဆောက်ပြီးစီးနေမှု၊ လာမည့် ဇူလိုင်လမှစ၍ စက်များ စမ်းသပ်လည်ပတ်ရန် စီစဉ်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

အချိန်ကိုက်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရေလှောင်တမံအတွင်း ရေများစတင်သိုလှောင်နေပြီဖြစ်ရာ ရေအားလျှပ်စစ်စက်များ အချိန်မီလည်ပတ်နိုင်ရေးအတွက် ကျန်ရှိနေသော တည်ဆောက်ရေး လုပ်ငန်းများကို အချိန်ကိုက်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် တည်ဆောက်မှုအတွေ့အကြုံများကို နောင်လာနောက်သား ပညာရှင်များ ကိုးကားနိုင်ရန်အတွက် စနစ်တကျ မှတ်တမ်းမှတ်ရာထားရှိရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ပင်မတမံ တည်ဆောက်ပြီးစီးမှုနှင့် ရေသိုလှောင်ထားနိုင်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ရေလျှံထိန်းစည် တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Power Intake Gate တည်ဆောက်ပြီးစီးမှု၊ အမှတ်(၁)ရေပိုလွှဲနှင့် အမှတ်(၂) ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။



စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ရေလွှဲဥမင်လိုဏ်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြပြီး ရေလှောင်ထိန်းစည် တည်ဆောက်ခြင်းလုပ်ငန်းများကို ထပ်မံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မုန်းချောင်းရေအားလျှပ်စစ်စက်ရုံသို့ ဝင်ရောက်ကြပြီး စက်ရုံတည်ဆောက်ပြီးစီးမှု၊ ဂျင်နရေတာများ တပ်ဆင်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် Panel Room နှင့် Central Control Room တို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် လျှပ်စစ်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာပညာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

မုန်းချောင်းရေလှောင်တမံကို စေတုတ္တရာမြို့ မြောက်ဘက် နှစ်မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။ စီမံကိန်းအရ စိုက်ပျိုးမြေများကို ရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ်စီ ထုတ်လုပ်နိုင်မည့် စက်သုံးလုံးကို တပ်ဆင်ထားသည့် ဘက်စုံတမံ ဖြစ်သည်။

မုန်းချောင်းရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံက လာမည့်ဇူလိုင်လအတွင်းမှစ၍ လျှပ်စစ်ဓာတ်အားများ စတင်ထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး မုန်းချောင်း ရေအားလျှပ်စစ်စက်ရုံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မေ ၉ရက်က ပုဂံရှိ ဘုရားအမှတ် (၃၉၂)အား ဖူးမြော်ကြည်ညိုစဉ်။(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ဘူးရှာရေလှောင်တမံ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ညနေ၄နာရီတွင် မုန်းချောင်းရေလှောင်တမံအထက်ဘက် ၁၃မိုင်အကွာ စေတုတ္တရာမြို့နယ် ဘူးရှာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်မည့် ဘူးရှာရေလှောင်တမံ စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က ဘူးရှာရေလှောင်တမံ တည်ဆောက်သွားမည့် အစီအစဉ်များ၊ ရေလှောင်တမံ၏ ဆည်ရေဖြင့် ရေအားလျှပ်စစ်ထုတ်ယူရရှိမည့် အခြေအနေများ၊ မုန်းချောင်းအထက်ပိုင်း၌ ဘူးရှာရေလှောင်တမံတည်ဆောက်ခြင်းဖြင့် မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံ-ကြီးဝ ရေလှောင်တမံတို့ကိုပါ ဆက်စပ်အကျိုးပြုသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်ချစ်က ဘူးရှာရေလှောင်တမံတည်ဆောက်နိုင်မည့် တမံဒီဇိုင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ကြိုးစားဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရေလှောင်တမံကို တည်ဆောက်ရာ၌ ကုန်ကျစရိတ်နှင့် လုပ်ငန်းပမာဏအနည်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ညနေပိုင်းတွင် ပုဂံ-ညောင်ဦးသို့ ပြန်လည်ရောက်ရှိကြသည်။

ဘူးရှာရေလှောင်တမံမှ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၆၀ခန့် ထုတ်ယူရရှိမည်ဖြစ်ပြီး အောက်ဘက်ရှိ မုန်းချောင်းရေလှောင်တမံသို့ ရေကူဖြည့်ပေးနိုင်မည်ဖြစ်ရာ မုန်းချောင်းရေလှောင်တမံရှိ ရေအားလျှပ်စစ်စက်ရုံက ဓာတ်အားအပြည့်အဝ ထုတ်လုပ်ပေးနိုင်အောင် အထောက်အကူပြုမည့် စီမံကိန်းဖြစ်သည်။ **(သတင်းစဉ်)**

စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)



မြဝတီရုပ်မြင်သံကြား

၁၁-၅-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Measures of˚ Dispersion and Further of Descriptions (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘဏ်ကျယ်လေး"** (အပိုင်း-၂၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"**(အပိုင်း-၁၅)

စမ်းချောင်းလမ်း ၁၀ ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၀

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉(ဒုတိယလွှာ)တွင် မေ ၁၅ရက်မှ ၂၄ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ၊ ည ၆နာရီခွဲမှ ၈နာရီအထိ ဓမ္မဒါနပြုမည် ဖြစ်၍ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးပွဲ့ ပြိုး ပြည်အကျိုး

အပူဒဏ်အန္တရာယ် ကာကွယ်နိုင်ရေး

ကြည်လင်း (ဆေး)

အပူဒဏ်၏ ဖြစ်ရပ်သာဓကဆိုးကျိုးများ ရှိခဲ့ပါသည်။ အပူဒဏ်ပြင်းထန်မှုကြောင့် သက်ကြီးရွယ်အိုများ အသက်ဆုံးပါးမှုနှင့် ကြုံတွေ့ရသည်။ အပူဒဏ်ကို အသက်အရွယ်အားလုံး ရင်ဆိုင်နေရသဖြင့် ကျန်းမာရေးအသိရှိရန် အထူးလိုအပ်ပေသည်။ ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီး၌ လူသားတို့ကို ပူစေသော အဓိက အခြေအနေများမှာ–

(က) နေ၏အပူရှိန်၊

(ခ) ပူနွေးသော ရာသီဥတု၊

(ဂ) ပူနွေးသော ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်၊

(ဃ) ကိုယ်ခန္ဓာအပူချိန်တက်စေသော အစားအသောက် စားသုံးခြင်း၊ လှုပ်ရှားခြင်း၊ အဝတ်အထည်ဝတ်ဆင်ခြင်း၊

(င) ဖန်လုံအိမ် အကျိုးဆက်တို့ ဖြစ်သည်။

အပူဒဏ်ကို ရင်ဆိုင်ရာ၌ လူ၏ဇီဝကမ္မပြောင်းလဲပုံကို လေ့လာကြည့်ပါက ပတ်ဝန်းကျင်အပူရှိန်ကြောင့် ကိုယ်အပူချိန်မြင့်တက်လာပြီး လူ့ကိုယ်တွင်းရှိ သွေးတို့သည် ခန္ဓာကိုယ်၏ အရေးကြီးသော အင်္ဂါကြီးများနှင့် ဦးနှောက်သို့ သွေးသွားမှုနည်းသွားခြင်း၊ ကိုယ်ရေပြား၌ သွေးပေးမှုများခြင်း၊ ကိုယ်ခန္ဓာမှ ချွေးထွက်ခြင်းများဖြစ်လာသည်။ ချွေးနှင့်အတူ ဓာတ်ဆားများပါ ထွက်လိုက်လာသဖြင့် ဓာတ်ဆားလျော့နည်းကျဆင်းမှုများ ပေါ်ပေါက်လာသည်။ အပူချိန် ၄၁ဒီဂရီစင်တီဂရိတ်၊ သို့မဟုတ် ၁၀၆ဒီဂရီဖာရင်ဟိုက်၌ အချိန်ကြာကြာ အပူဒဏ် ဆက်လက်ခံနေရပါက ဦးနှောက်ကလာပ်စည်း ထိခိုက်ပျက်စီးနိုင်ပြီး အပူချိန် ၄၃ဒီဂရီစင်တီဂရိတ်၊ သို့မဟုတ် ၁၀၉ဒီဂရီဖာရင်ဟိုက်၌ သေဆုံးနိုင်သည်။

အပူဒဏ်ကြောင့်ဖြစ်ပေါ်သော ဝေဒနာများနှင့်လက္ခဏာ

မောပန်းနွမ်းနယ်ခြင်း (Heat exhaustion)	ကြွက်သားတင်းမာခြင်း (Heat Cramps)	သတိလစ်မေ့မြောခြင်း (Heat stroke)
– ကိုယ်ခန္ဓာမှချွေးနှင့် ဓာတ်ဆားထွက်ခြင်း၊	– ချွေးနှင့်ဓာတ်ဆား အထွက်များခြင်း၊	– ချွေးထုတ်လုပ်သော လုပ်ငန်းရပ်ဆိုင်းခြင်း
– ရေငတ်ခြင်း၊	– ခြေလက်ညောင်းညာ လွယ်ခြင်း၊	– ချွေးမထွက်ဘဲကိုယ်ခန္ဓာ အတွင်းအပူမြင့်မားစွာ ကိန်းအောင်းနေခြင်း၊
– အားအင်ကုန်ခန်းနုံးချွေခြင်း၊	– ကြွက်သား(Muscle)များ တင်းခြင်းနှင့် ကြွက်တက်ခြင်း၊	– ကယောင်ကတမ်း ဖြစ်ခြင်း၊
– ခြေလက်လှုပ်ရှားမှု လေးလံနှေးကွေးခြင်း၊		– မေ့မြောခြင်း၊
– ခေါင်းအုံခြင်း၊		– သေဆုံးခြင်း၊

အထက်ပါ ဝေဒနာများကို ကာကွယ်နိုင်ရန် အောက်ဖော်ပြပါ အချက်အလက်များကို လိုက်နာဆောင်ရွက် ရပေမည်။

အပူဒဏ်အန္တရာယ်မှ ကာကွယ်ခြင်း

(က) အပူဒဏ်ကြောင့် ကျန်းမာရေးဖောက်ပြန်၍ ပေါ်ပေါက်လာသော ဝေဒနာနှင့် ဖြစ်တတ်သည့် သဘာဝအကြောင်းတရားများကို သိရှိနိုင်ရန် ပညာပေးခြင်း၊

(ခ) မိမိတာဝန်ထမ်းနေရသည့် အရပ်ဒေသ၏ အပူချိန် စိုထိုင်းဆ(Humidity)မြင့်ပါက ရာသီဥတုနှင့်နေသားတကျ ရှိစေရန် သုံးရက်မှ ၁၀ရက်ခန့် အချိန်ပေးရခြင်း၊

(ဂ) ထိုသို့နေသားတကျရှိမှ ပိုမိုပြင်းထန်သော ကြံ့ခိုင်မှု၊ လှုပ်ရှားမှုများ တစ်စတစ်စတိုးမြှင့်ခြင်း၊

(ဃ) လုံလောက်သော အနားပေးခြင်းဖြင့် အပူဒဏ်ဖိစီးမှုမဖြစ်စေခြင်း၊

(င) အဝတ်ပါးပါး ဝတ်ရန်နှင့် ထီးဆောင်းသွားရန်၊

(စ) အင်အားပြည့်ဖြိုးစေသော အစားအစာများ စားသုံးခြင်း၊

(ဆ) အဓိက အကျဆုံးဖြစ်သော ရေနှင့်ဓာတ်ဆားလုံလောက်စွာ ရှိရန်နှင့် ချွေးထွက်များပါက ချက်ချင်းသောက်ရန်၊

(ဇ) ခရီးပြင်းသွားခြင်း၊ သက်လုံကြံ့ခိုင်လှုပ်ရှားခြင်းများ ပြုလုပ်ရာတွင် ဖျားနာသူများ၊ ဝမ်းလျှောသူများ၊ အိပ်ရေးပျက်၍ ပင်ပန်းနေသူများ၊ နာလန်ထများ၊ အရက်အလွန်အကျွံ သောက်သူများကို မလုပ်စေသင့်ခြင်း၊

(ဈ) အပူဒဏ်နှင့်ပတ်သက်သော ရှေးဦးပြုစုနည်းကို လိုက်နာဆောင်ရွက်တတ်ခြင်းတို့ ဖြစ်သည်။

ရှေးဦးပြုစုနည်း

အပူဒဏ်ကြောင့် မလိုလားသည့် ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ခန္ဓာကိုယ်မှ အပူချိန်ကျဆင်းသွားစေရန် လုပ်ဆောင်ပေးရေးနှင့် ခန္ဓာကိုယ်မှ လျော့နည်းသွားသော ရေနှင့်ဓာတ်ဆားများ အချိန်မီဖြည့်တင်းပေးရေးသည် ပြုစုမှု၌ အဓိကမဏ္ဍိုင်ဖြစ်လေသည်။ အောက်ပါတို့ကို ဆောင်ရွက်ရန် လက်မနှေးပါနှင့်–

(က) ကိုယ်ခန္ဓာမှ အပူချိန်ကျစေရန်နှင့် အပူဒဏ် ဆက်လက်မခံရစေရန် အရိပ်အာဝါသရှိ၍ လေတိုက်ခတ်ရာနေရာသို့ အမြန်ရွှေ့ပြောင်းပေးပြီး လဲလျောင်းအနားယူစေခြင်း၊ ယပ်ခတ်ပေးခြင်း၊ ရေအေးဖြင့် တစ်ကိုယ်လုံး ပွတ်သုတ်ပေးခြင်း၊

(ခ) အပူဒဏ်ကြောင့် တစ်နာရီခန့် ချွေးထွက်ပါက သောက်ရေတစ်လီတာ (ငှက်ပျောဖူးပုလင်း နှစ်ပုလင်းခန့်) ဖြည့်တင်းပေးရမည်။ အလွန်ပူပြင်းသော ဒေသများတွင် လူတစ်ဦးအတွက် သောက်ရေတစ်နေ့လျှင် ငါးလီတာမှ ရှစ်လီတာ(ငှက်ပျောဖူးပုလင်း ၁၀ ပုလင်းမှ ၁၆ပုလင်းခန့်)သောက်သုံးစေရမည်၊

(ဂ) ချွေးနှင့်ဆုံးရှုံးသွားသော ဓာတ်ဆားများဖြည့်တင်းရန် လူတစ်ဦးအတွက် တစ်နေ့လျှင် ဆား ၂၅ ဂရမ်အမှုန့်ခြေပြီး ရေနှင့်တိုက်ပေးရမည်၊

(ဃ) ရေနှင့်ဓာတ်ဆားဖြည့်တင်းမှုမရှိဘဲ အပူဒဏ် ဆက်လက်ခံနေရပါက သွေးလန့်၍ သတိမေ့ခြင်းဖြစ်ပေါ်ကာ အခြေအနေ ဆိုးရွားနိုင်သဖြင့် နီးရာဆေးခန်း၊ ဆေးရုံများသို့ ချက်ချင်းပြသရပေမည်။

အပူဒဏ်အန္တရာယ်မှ ကာကွယ်နိုင်ရန် ဤဆောင်းပါးဖြင့် ကျန်းမာရေး အသိပေးပါရစေ။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာရှိ မင်္ဂလာကန်တော်ကျောင်းတိုက်တွင် မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မင်္ဂလာ ကန်တော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာ သဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ ဒေဝိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်သစ်ဖွင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်ပေး

ရန်ကုန် မေ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ၅ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာကြရာ နံနက် ၈နာရီခွဲတွင် စစ်တောင်းတံတားထိပ်သို့ ရောက်ရှိကြပြီး စစ်တောင်းတံတားထိပ်မှ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် နံနက်၉နာရီခွဲတွင် ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ မင်္ဂလာကန်တော်ကျောင်း ဘုန်းတော်ကြီး သင်ပညာရေးအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းကို ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် မွန်ပြည်နယ် ပြည်နယ်ပညာရေးမှူးဦးအောင်မြို့တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်း ကော့ထင်းကျေးရွာ ကျိုက်ထိုမြို့နယ် ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ မွန်ပြည်နယ် သာသနာရေးဦးစီးဌာန ပြည်နယ်သာသနာရေးဦးစီးမှူး ဦးသက်ထွန်းက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း ဖွင့်လှစ်နိုင်ခြင်းနှင့်စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

လက်ခံရယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဇနီးတို့က ကျောင်းသုံးဗလာစာအုပ် ဒါဇင်၂၀၀နှင့် ခဲတံဒါဇင် ၆၀ တို့အား ကော့ထင်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းအတွက် ပေးအပ်လှူဒါန်းရာ ကျိုက်ထိုမြို့နယ်ပညာရေးမှူး ဦးစိုးမြင့်က လက်ခံရယူသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်းသည် နိုင်ငံတော်က မတည်ငွေကျပ် ၁၈သိန်း၊ နယ်မြေခံတပ်နယ်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၏ လှူဒါန်းငွေများဖြင့် စုစုပေါင်းငွေကျပ်သိန်း၇၀ အကုန်အကျ ခံကာ အလျားပေ ၁၂၀ Xအနံပေ ၃၀ရှိ သွပ်မိုးအုတ်ညှပ် ခေတ်မီတစ်ထပ်ကျောင်းဆောင်သစ်အဖြစ် ဆောက်လုပ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ယင်းဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၌ ဆရာ၊ ဆရာမ ၁၁ဦးက မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့တွင် သာမဏေ၈ပါး၊ ကျောင်းသား ၃၀၄ဦးနှင့် ကျောင်းသူ၃၀၇ဦး စုစုပေါင်း ၆၂၉ဦးတို့အား ပညာသင်ကြားပေးလျက်ရှိပြီး မူလတန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၅၁၇ဦးနှင့် အလယ်တန်း အဆင့် ၁၁၂ဦးရှိကြောင်း သိရသည်။

သာသနာရေးဆိုင်ရာလျှောက်ထား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့ထင်းကျေးရွာ မင်္ဂလာကန်တော်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျိုက်ထိုမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မင်္ဂလာကန်တော်ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေဝိန္ဒအား ဖူးမြော်ကြည်ညိုကာဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဘားအံမြို့သို့ရောက်ရှိ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ကျိုက်ထိုမြို့မှမော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကရင်ပြည်နယ် ဘားအံမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာ သင်ကြားရေးယူနစ်(CME)က ကြီးမှူး၍ အတွေ့ထွေရောဂါကု ဆရာဝန်များအတွက် Common Clinical Problems (2004) သင်တန်းကို မေ ၂၂ ရက်မှ ဇူလိုင် ၁၈ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူ ဆရာဝန်များသည် မေ ၁၇ရက်မှ ၂၁ရက်အထိ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖန်ကောက်အဲယားဝေးစ်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖန်ကောက်အဲယားဝေးစ် ဥက္ကဋ္ဌ Dr. Prasert Prasarttong-Osoth နှင့်အဖွဲ့အား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းများ ဇွန် ၁ ရက်တွင်စတင်ဖွင့်လှစ်မည်

ရန်ကုန် မေ ၁၀

၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ်ပုံမှန်သင်တန်းများဖြစ်သော ပညာရေးဘွဲ့(ဘီအီးဒီ)လေးနှစ်သင်တန်းများ၊ အလယ်တန်းဆရာအတတ်သင်တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ (ဘီအီးဒီ)တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ (ဘီအီးဒီ)ပေါင်းကူး နှစ်နှစ်သင်တန်းနှင့် ဆရာအတတ်ပညာ ဒီပလိုမာ တစ်နှစ်သင်တန်းတို့ကို ၂၀၀၄ခုနှစ် ဇွန် ၁ ရက်(အင်္ဂါနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေလနောက်ဆုံးပတ်အတွင်း ရောက်ရှိသတင်းပို့ကြရန် ပြည်နယ်၊ တိုင်းအသီးသီးသို့ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ ပြောင်းလဲတိုးတက်ဖြစ်ထွန်းလာနေပြီဆိုသည်ကို အားရဂုဏ်ယူဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခုအမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲကြီးကို တက်ရောက်လာကြသည့် ပညာရေးကိုယ်စားလှယ်များ၊ ပညာရှင်များ၊ ဆရာကြီး၊ ဆရာမကြီးများအားလုံးက မိမိတို့အခြေခံပညာကဏ္ဍမှာ ရရှိဖြစ်ထွန်းနေပြီဖြစ်သော ပညာရေးအခြေခံကောင်းတွေ၊ အကျိုးရလာဒ်ကောင်းတွေ၊ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း ရှေ့ဆက်ဆောင်ရွက်သွားရမည့် ပညာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းစေမည့် အကြံကောင်းဉာဏ်ကောင်းတွေကို အကြံပြုဆွေးနွေးညှိနှိုင်းပြီး လက်တွေ့အကျိုးရှိထိရောက်မည့် ကောင်းမြတ်သည့်အစီအမံတွေချမှတ်နိုင်စေရအောင် တက်ညီလက်ညီ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြပါရန် မှာကြားလိုကြောင်း။

ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားစီးပွားရေးစီမံကိန်းတွေ၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းကြီးတွေ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေ၊ ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ခု စီမံကိန်းတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေ စသည့် ဖွံ့ဖြိုးရေးစီမံကိန်းအသွယ်သွယ်ကို နယ်ပယ်ကဏ္ဍစုံမှာ ဖြန့်ကြက်ဆောင်ရွက်ရင်း အောင်မြင်ဖြစ်ထွန်းလာမည့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အနာဂတ်ကာလတိုင် သယ်ဆောင်သွားနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းကိုပါ စနစ်တကျယှဉ်တွဲကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

အလေးအနက်ခံယူ

ယခုလို အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှာ စနစ်တကျစီမံကိန်းချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ပညာရေးကဏ္ဍစီမံကိန်းများအောင်မြင်ဖြစ်ထွန်းရေးသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်နေသကဲ့သို့ အကောင်အထည်ဖော်သည့်အပိုင်းမှာလည်း ဆရာနှင့် ကျောင်းသားသည် အဓိကကျသည်ဆိုခြင်းကို ဆရာကြီး၊ ဆရာမကြီးများက အလေးအနက်ခံယူထားကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် ထုထည်ပမာဏကြီးမားပြီး အမျိုးသားရေးအဓိပ္ပာယ်နှင့်ပြည့်ဝသလို သိမ်မွေ့နက်ရှိုင်းကျယ်ပြန့်လှသည့် အမျိုးသားပညာရေး မြှင့်တင်မှုလုပ်ငန်းများ မျှော်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းရေးအတွက် ထူးခြားလေးနက်ပြီး အကျိုးရှိထိရောက်သည့် အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းစဉ်များ၊ အစီအမံများ ပေါ်ထွန်းလာစေရေအောင်နှင့် လက်တွေ့မှာလည်း အကောင်အထည်ပေါ် အောင်မြင်ဖြစ်ထွန်းစေရအောင် ပညာရေးဆိုင်ရာစီမံခန့်ခွဲသူများ၊ ပညာရေးကိုယ်စားလှယ်များ၊ ပညာရှင်ကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများအားလုံးက အမျိုးသားရေးအသိစိတ်ဓာတ် ထက်သန်မြင့်မားစွာဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့-

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် အမျိုးသားပညာရည်အဆင့်အတန်းကို နိုင်ငံတကာအဆင့်မီ တိုးတက်မြင့်မားစေရအောင် ဆရာနှင့် ကျောင်းသူကျောင်းသားများက တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ အရည်အသွေးပြည့်ဝ မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ၊ ကျောင်းသားတက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည် စီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းပြီး မြန်မာ့ပညာရေးမျှော်မှန်းချက် ပြည့်မြောက်အောင်မြင်ရေးအတွက် ချမှတ်ထားသော စီမံချက်များ၊ ရှေ့လုပ်ငန်းစဉ်များ လက်တွေ့အောင်မြင် အကောင်အထည်ပေါ်လာစေရအောင် တာဝန်ရှိသူအသီးသီးက ထိထိရောက်ရောက် ပီပီပြင်ပြင် မှန်မှန်ကန်ကန် ကြိုးကြိုးစားစား ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကမ္ဗဋ္ဌာန်းနည်းပြသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၀

လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်သည် ဆဋ္ဌမအကြိမ်မြောက် ကမ္မဋ္ဌာန်းနည်းပြသင်တန်းကို ဇွန် ၁ ရက်မှ ဇူလိုင် ၁၆ ရက်အထိ ရန်ကုန်တိုင်း သန်လျင်မြို့ မူလဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာ၌ ဖွင့်လှစ်မည်ဖြစ်သည်။

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒကသာမိ (ချောက်ဆရာတော်)၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တကဝိန္ဒ(မဟာရုံသီဆရာတော်)၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း (ဒလ/ပျော်ဘွယ်ကြီး)၊ ဆရာကြီးဦးဆန်းထွန်း(သာသနဓဇဓမ္မာစရိယ)နှင့် ဆရာကြီးဦးတင်ဆန်း(ဓမ္မာစရိယ B.A)တို့က ဟောပြညွှန်ပြမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသော အနည်းဆုံး ပထမကြီးတန်းအောင်ပြီးသည့် သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များသည် လျှောက်လွှာများကို အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဌာနချုပ် စိန္တာရာမကျောင်းတိုက် အာဇာနည်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ မေ ၂၃ ရက်နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၁-၂၅၄၉၀၆၊ ၀၁-၂၈၅၁၂၃နှင့်၀၅၆- ၂၁၄၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဂျပန်နိုင်ငံ ဂျပန်-မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်း မျက်စိစစ်ဆေးကိရိယာနှင့် မျက်စိရောဂါကုဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၁၀

ဂျပန်နိုင်ငံ ဂျပန်-မြန်မာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအသင်း(Association for Japan, Myanmar Mutual Cooperation) (AJMMC) မှ ပေးပို့လှူဒါန်းသော မျက်စိစစ်ဆေးကိရိယာ(Slit Lamp)တစ်စုံနှင့် မျက်စိရောဂါကုဆေးပစ္စည်း ၁၁ မျိုး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ (ခုတင်-၅၀၀) ရောဂါရှာဖွေကုသရေးဌာန အဆောက်အအုံ၌ ကျင်းပရာ အခမ်းအနားသို့ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်နှင့် တပ်မတော် အရာရှိကြီးများ၊ ဂျပန်-မြန်မာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ ရှေးဦးစွာ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းထံ မျက်စိစစ်ဆေးကိရိယာ(Slit Lamp) တစ်စုံနှင့် မျက်စိရောဂါကုဆေးပစ္စည်း ၁၁ မျိုးတို့ကို ဂျပန်-မြန်မာအကျိုးတူ ပူးပေါင်း ဆောင်ရွက်ရေးအသင်းမှ Mr. Shigeru Oyama နှင့် ဦးမင်းမင်းအောင်တို့က ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက လှူဒါန်းသည့် ပစ္စည်းများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်ထံ လွှဲပြောင်းပေးအပ်ပြီး ဗိုလ်မှူးကြီးသန်းအောင်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ (ရန်ကုန်)သို့ တက်ရောက်လာကြသည့် ပညာရေးကိုယ်စားလှယ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခန်းမမျက်နှာစာ၌ ခင်းကျင်းပြသထားသော အခြေခံပညာသိပ္ပံခန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မေ ၉ ရက်က ပုဂံရှိ အလိုတော်ပြည့်ဘုရားအတွက် အလှူတော်ငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

လေကြောင်းရဲညွှန့်လောင်းတန်းမြင့်သင်တန်းသားများ လက်တွေ့ပျံသန်းလေ့ကျင့်မှုတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေကြည့်ရှု

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မေ ၈ ရက်နံနက်ပိုင်းတွင် မှော်ဘီတပ်နယ် နယ်မြေခံလေတပ်စခန်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် လေကြောင်းရဲညွှန့်လောင်း တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသားများ လက်တွေ့ပျံသန်းလေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၁၀ နာရီခွဲတွင် မှော်ဘီတပ်နယ် နယ်မြေခံ လေတပ်စခန်းသို့ ရောက်ရှိလာရာ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်မှူးကြီးရဲချစ်ဖေနှင့် တာဝန်ရှိသူများ၊မှော်ဘီတပ်နယ်မှ တပ်မတော်အရာရှိများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက်မှော်ဘီတပ်နယ် နယ်မြေခံတပ်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်မှူးကြီးရဲချစ်ဖေက လေကြောင်းရဲညွှန့်လောင်း တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၀၄)၌ လေကြောင်းဆိုင်ရာ ပညာရပ်များ သင်ကြားနေမှုများနှင့် ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။

ယင်းနောက် သင်တန်းမှူး ဒုတိယဗိုလ်မှူးကြီးဝင်းအောင်(လေ)က သင်တန်းနှင့် ပတ်သက်၍ လေ့ကျင့်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဗိုလ်မှူးညီညီလွင်(လေ)က အပေါ့လွန်လေယာဉ် (X Air Ultra-light)နှင့် ပတ်သက်သည့် အချက်အလက်များနှင့် လေယာဉ်ပျံသန်းခြင်းဆိုင်ရာများ သင်ကြားနေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် အပေါ့လွန်လေယာဉ် (X Air Ultralight)ကို ကြည့်ရှုစစ်ဆေးကြပြီး အပေါ့လွန်လေယာဉ် (X Air Ultralight)ကို သင်တန်းသားများအား လက်တွေ့ပျံသန်းသင်ကြားလေ့ကျင့်နေမှုများကိုလည်းကောင်း၊ လေယာဉ်ငယ်များအား အဝေးထိန်းစနစ်ဖြင့် သရုပ်ပြပျံသန်းပြသနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လေကြောင်းဆိုင်ရာ ပညာရပ်များ သင်ကြားပြသနေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လေကြောင်းရဲညွှန့်လောင်း တန်းမြင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၄)မှ သင်တန်းသားများအား သင်တန်းမှ သင်ကြားပေးလိုက်သည့် လေကြောင်းဆိုင်ရာပညာရပ်များကို စနစ်တကျ တတ်ကျွမ်းနားလည်အောင် လေ့လာဆည်းပူးပြီး အနာဂတ် နိုင်ငံတော်အတွက်လေကြောင်းအာကာသဆိုင်ရာ ပညာရပ်များကို ထူးချွန်ထက်မြက်သည့် အတတ်ပညာရှင်များဖြစ် လာသည်အထိ ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လေကြောင်းရဲညွှန့်လောင်း တန်းမြင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၄)မှ သင်တန်းသားများအတွက်ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းကိုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေးအကြိုညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့နှင့် ဆုံးဖြတ်ချက်နှင့် မှတ်တမ်းပြုစုရေးအဖွဲ့တို့၏ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ ည ၇နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူးဦးလှထွန်း(လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အကြိုညှိနှိုင်း အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)**(ယာပုံ)**က ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရေးကော်မတီ၏ဦးဆောင်မှုကို ခံယူကာ လုပ်ငန်းကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် ဗဟိုဦးစီးအဖွဲ့ဝင်များနှင့်လေ့လာသူများ နေထိုင်စားသောက်ရေး၊ကျန်းမာရေး၊သက်သာချောင်ချိရေးနှင့် အပန်းဖြေရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ထားရှိမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆုံးဖြတ်ချက်နှင့် မှတ်တမ်းပြုစုရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က မေ ၁၁ ရက်နှင့် မေ ၁၂ရက်တို့တွင်ကျင်းပမည့် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် အဆင့်အလိုက် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်၏ အသေးစိတ်အခြေအနေများကို ရှင်းလင်းတင်ပြပြီး အကြိုညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး၏ မေ ၁၂ ရက် ည ၇ နာရီတွင် ကျန်းမာရေးဦးစီးဌာနမှ ခုခံအားကျဆင်းမှုရောဂါ(အေအိုင်ဒီအက်စ်)ကျန်းမာရေးအသိပညာပေးဟောပြောပြီး ဘာသာရပ်ဆိုင်ရာစာရွက်စာတမ်းများကို ဝေငှသွားမည်ဖြစ်သည်။ ထို့အပြင် ဗဟိုဦးစီးအဖွဲ့ဝင်များအား အပန်းဖြေကြည့်ရှုနိုင်ရန် အကယ်ဒမီဆုရ ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသသွားမည်ဖြစ်သည်။

ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအပြီး မေ၁၃ရက်တွင် ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များစုံညီစွာစုဝေးရောက်ရှိခိုက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့်တပ်မတော်စစ်သမိုင်းပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၀

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက်ပဓာနနာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒသာသနဓဇသိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မေ ၁၈ ရက်မှ ၂၇ရက်ထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

ယောဂီများအနေဖြင့်လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း-၀၁-၅၇၁၂၅၈သို့ဖြစ်စေ မေ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က-ပ)**

ထူးခြားသည့် နေ့အပူချိန်များ

(၁၀-၅-၂၀၀၆)

မကွေး	၄၂ ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	၃၂ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်)

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့

ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၆ ခုနှစ်

မေလ (၁၁) ရက်မှ (၁၃) ရက်

ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း

ရန်ကုန်မြို့

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခု ကဆုန်လပြည့်ကျော် ၈ရက် (ဥပုသ်နေ့)

၁၁-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	နှောင်းခေတ်တေးပဒေသာ
၈:၁၅	၇။	ကျင်းသာရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammer Made Easy
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(အထူးပြုများအားလုံး) (မြန်မာစာ)
၁၇:၁၅	၆။	တေးဂီတအစီအစဉ်
၁၇:၃၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၄၅	၈။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၅၅	၉။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	ကြေးမုံရိပ်သွင်တေးနှယ်ဥ
၁၉:၂၀	၁၃။	သယံဇာတ ဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်
၁၉:၃၅	၁၄။	တေးဂီတအစီအစဉ်
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၃၃)
	၁၉။	Calcio Serie A Highlight
	၂၀။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီးဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

❒ *ကျောဖုံးမှ*

ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှထိုင်းစံတော်ချိန် နံနက် ၁၁ နာရီခွဲ တွင် ထွက်ခွာလာသော ဗန်ကောက် လေကြောင်းမှ လေယာဉ်ခရီးစဉ် အမှတ် T.G 701၊ လေယာဉ်အမျိုး အစား Boeing 717°-°200သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅မိနစ်တွင် ဆိုက်ရောက်လာသည်။

လိုက်ပါလာ

အဆိုပါ လေယာဉ်ပေါ်တွင် ဗန်ကောက် လေကြောင်းလိုင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Dr. Prasert Prasarttong°-Osoth နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ မီဒီယာသမားများ လိုက်ပါလာကြသည်။ လေယာဉ်ဆိုက်ရောက်ပြီး မကြာမီဖွင့်ပွဲအခမ်းအနားကို ပြည်ပဆိုက်ရောက်ခန်းမအဝင်၌ကျင်းပသည်။ လေကြောင်းလိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးနောက် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများသည် လေဆိပ် စားသောက်ဆိုင်ခန်းမသို့တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပသည်။ အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် လေကြောင်း ပျံသန်းမှုများကို တိုးမြှင့်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး ဗန်ကောက်လေကြောင်းလိုင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သူ Dr. Prasert Prasarttong-Osoth က Bangkok Airways နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံမေးမြန်း

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဗန်ကောက်လေကြောင်းလိုင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအား မြန်မာ့အလင်း သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

ပထမဦးစွာ ဗန်ကောက် လေကြောင်းလိုင်း (Bangkok Airways) မှ အကြံပေးအရာရှိ (Advisor for Myanmar Business Development) ဦးခွန်မြတ်လထော်အား ဗန်ကောက်လေကြောင်းလိုင်း ဖွင့်လှစ်နိုင်ခဲ့မှုအခြေအနေများကို မေးမြန်းရာ "မိမိအနေဖြင့် မြန်မာနိုင်ငံဘက်မှ လိုအပ်သည့် ကိစ္စများကို ဌာနဆိုင်ရာလူကြီးများနှင့်ဆက်သွယ်ဆောင်ရွက်ပေးနေကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နှစ်နိုင်ငံ လေကြောင်း သဘောတူညီမှုအရ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးဆက်သွယ်မှု ပိုမိုများပြားလာရေး ရည်ရွယ်ချက်ဖြင့် ဗန်ကောက်လေကြောင်းလိုင်းကို တည်ထောင်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဗန်ကောက်လေကြောင်းလိုင်းသည် ထိုင်းနိုင်ငံ ပြည်တွင်းလေကြောင်းလောက၌ အောင်မြင်မှုရရှိနေသည့် လေကြောင်းလိုင်းတစ်ခုဖြစ်ကြောင်း၊ ယခုအခါ ဗန်ကောက်-ရန်ကုန်-ဗန်ကောက် ခရီးစဉ်ကို နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း၊ ပျံသန်းမှုအခြေအနေကို ခရီးသည်အပေါ်မူတည်၍ တိုးချဲ့သင့်လျှင် တိုးချဲ့ ပြေးဆွဲသွားမှာဖြစ်ကြောင်း၊ ဗန်ကောက်-ပုဂံ၊ ဗန်ကောက်-မန္တလေး ခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲသွားရန် အစီအစဉ်များရှိကြောင်း၊ စတင်ပြေးဆွဲသည့် ဧပြီ ၃၀ရက်က ထိုင်းမှ ခရီးသည် ၆၁ဦး လိုက်ပါလာပြီး ၂၈ဦးမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ကိုယ်စားလှယ် (Tour Agent) များ ဖြစ်ကြကြောင်း၊ ဗန်ကောက်လေကြောင်းလိုင်း၏ အစီအစဉ်ဖြင့် အဆိုပါ ခရီးသည်များကို ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့် ကျိုက်ထီးရိုးဘုရား၊ ရွှေတိဂုံစေတီတော်၊ ကျောက်တော်ကြီးဘုရား၊ ဆူးလေစေတီတော်စသည့် နေရာများကို လိုက်လံပို့ဆောင်ပေးကြောင်း၊ မြန်မာနိုင်ငံမှ Tour Agent များကိုလည်း ထိုင်းနိုင်ငံသို့ ခေါ်ဆောင်ကာ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးမည့် အစီအစဉ်ရှိကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်၌ ရှိသည့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အပါအဝင် သက်ဆိုင်ရာဌာန အားလုံးက စေတနာအပြည့်ဖြင့် အင်တိုက်အားတိုက် ဝိုင်းဝန်းလုပ်ဆောင်ပေးမှုကြောင့် ဗန်ကောက်လေကြောင်းလိုင်းသစ်ကို အချိန်တိုအတွင်း အောင်မြင်စွာ ပြေးဆွဲနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူ အားလုံးကို ကျေးဇူးတင်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

အကျိုးကျေးဇူး

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(လေကြောင်းပို့ဆောင်ရေး)ဦးကျော်မျိုးအား ဗန်ကောက်လေကြောင်းလိုင်း ပြေးဆွဲခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို မေးမြန်းရာ "လေကြောင်းလိုင်းများ ပျံသန်းသည့်နေရာ၌ နှစ်နိုင်ငံ လေကြောင်း သဘောတူညီမှုစာချုပ်များကို ချုပ်ဆိုပြီး ပြေးဆွဲကြကြောင်း၊ စင်းလုံးငှားလေယာဉ်များ မပါဝင်ဘဲ ပုံမှန်လေကြောင်းလိုင်း ပြေးဆွဲမှုများကိုသာ ဆိုလိုကြောင်း၊ ယခင်က နှစ်နိုင်ငံ လေကြောင်း သဘောတူညီမှု စာချုပ်များ၌ လေယာဉ်အခေါက်ရေ ကန့်သတ်မှုများ၊ လူဦးရေကန့်သတ်မှုများရှိခဲ့ကြောင်း၊ ယခုနောက်ပိုင်း၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကန့်သတ်ချက်များကို ဖြေလျှော့လာကြကြောင်း၊ လက်ရှိအနေအထား၌ အာဆီယံဒေသအတွင်း အာဆီယံလေကြောင်းလိုင်းများ လွတ်လွတ်လပ်လပ် ပျံသန်းနိုင်ရေးအတွက် အာဆီယံ ၁၀ နိုင်ငံ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ လေးနိုင်ငံအတွင်း၌လည်း ကန့်သတ်ချက်များ ဖြေလျှော့လာကြောင်း၊ မြန်မာ-ထိုင်း လေကြောင်း သဘောတူစာချုပ်၌လည်း



ရှင်းပြ

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(လေကြောင်းပို့ဆောင်ရေး) ဦးကျော်မျိုးက ဗန်ကောက် လေကြောင်းလိုင်း ပြေးဆွဲခြင်းနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယခင်ကကန့်သတ်ချက်များရှိကြောင်း၊ လေယာဉ်ခေါက်ရေ၊ ခရီးသည်ဦးရေနှင့် ဆင်းသက်နိုင်သည့် မြို့များကို ကန့်သတ်ချက်များရှိကြောင်း၊ ယခုကဲ့သို့ ကန့်သတ်ချက်များ ဖြေလျှော့ပြီး လေယာဉ်ခရီးစဉ်များပြေးဆွဲခြင်းဖြင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသာမက စီးပွားရေး၊ နှစ်နိုင်ငံဆက်သွယ်ရေးစသည့် အချက်များ၌လည်း အကျိုးကျေးဇူးရှိလာနိုင်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

လေယာဉ်ခေါက်ရေ

ဗန်ကောက် လေကြောင်းလိုင်း ပြေးဆွဲရန် စီစဉ်ဆောင်ရွက်ခဲ့သည့် အနေအထားနှင့် မြန်မာ့လေကြောင်းလိုင်းအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ပုံများကို ဒုတိယညွှန်ကြားရေးမှူး (လေကြောင်းပို့ဆောင်ရေး)ဦးကျော်မျိုးက ပြောကြားရာတွင် "မြန်မာ-ထိုင်း လေကြောင်းသဘောတူညီမှု စာချုပ်ကို ၁၉၆၉ခုနှစ်၌ ချုပ်ဆိုခဲ့ကြောင်း၊ ဒီကြားထဲတွင် လိုအပ်လျှင် လိုအပ်သလို နှစ်နိုင်ငံကိုယ်စားလှယ်များက ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ၌ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့၌ တွေ့ဆုံပြီး မြန်မာ- ထိုင်း နှစ်နိုင်ငံလေကြောင်းလိုင်းများ၏ ပျံသန်းဆင်းသက်နိုင်သည့် မြို့များ၊ လေယာဉ်အခေါက်ရေ၊ ခရီးသည်ဦးရေကန့်သတ်ချက်များကို ဖြေလျှော့ခဲ့ကြကြောင်း၊ အဆိုပါ ညှိနှိုင်းမှု မတိုင်မီက ရန်ကုန်-ဗန်ကောက် လေကြောင်းလိုင်းကို တစ်ပတ်လျှင် နှစ်ခေါက်သာ ပျံသန်းပြေးဆွဲရန် သဘောတူညီခဲ့ကြောင်း၊ သို့သော် လေကြောင်းလိုင်းအနေဖြင့် တစ်ပတ်လျှင် နှစ်ခေါက်ပျံသန်းရုံနှင့် စီးပွားရေးအရ တွက်ခြေကိုက်မှု မရှိကြောင်း၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလအတွင်း ညှိနှိုင်းဆွေးနွေးမှုအပြီး၌ လေယာဉ်အခေါက်ရေ အကန့်အသတ်မရှိ ပျံသန်းခွင့် ပြုခဲ့ကြောင်း၊ ယခုလို အခေါက်ရေများများပျံသန်းပြေးဆွဲခွင့်ရသည့်အတွက်ဗန်ကောက်လေကြောင်းလိုင်းအနေဖြင့် ဈေးကွက်ရှာဖွေမှု ပြုလုပ်ခဲ့ကြောင်း၊ ဈေးကွက်ရှာဖွေနိုင်မှုကြောင့် ခရီးသွားများအား မြန်မာနိုင်ငံကို ခေါ်ဆောင်လာနိုင်မှာဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များ များများလာရောက်ပြီး ခရီးသွားလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ အခြားဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိလာနိုင်ကြောင်း၊ ဗန်ကောက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲမှုကြောင့် မြန်မာ့လေကြောင်းပို့ဆောင်ရေး၏ ခရီးသည်ရရှိမှုကို အထိုက်အလျောက် ထိခိုက်မှုရှိနိုင်မှာဖြစ်ကြောင်း။

ယခုအချိန်သည် မိုးရာသီရောက်ရှိလာပြီဖြစ်၍ ခရီးသည်သွားလာမှုနည်းပါးသည့်အချိန်ဖြစ်ကြောင်း၊ လေကြောင်းလိုင်းအသစ်ပေါ်လာလျှင် ခရီးသည်လျော့သွားနိုင်ကြောင်း၊ သို့သော် မြန်မာ့လေကြောင်းလိုင်းအနေဖြင့် ထိုင်းလေကြောင်းလိုင်းနှင့်တွဲဖက်၍ အကျိုးတူလုပ်ကိုင်နေမှုကြောင့် သိပ်စိုးရိမ်စရာမရှိကြောင်း၊ ကန့်သတ်ချက်များကို ဖြေလျှော့လာသည့် ဆောင်ရွက်မှုကြောင့် မိမိတို့နိုင်ငံ၏လေကြောင်းလိုင်း အကျိုးတစ်ခုတည်းကိုသာ ကြည့်၍မဖြစ်ကြောင်း။

နိုင်ငံတော်အကျိုးနှင့် မိမိတို့လေကြောင်းလိုင်းအကျိုးကို ချိန်ထိုးကြည့်ရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားဧည့်သည်များများလာလျှင် မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတိုးတက်ရေးကို အထောက်အကူပြုလာနိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့လေကြောင်းလိုင်း ခရီးသည်လျော့နည်းနိုင်မှုတစ်ခုတည်းကိုသာမတွက်ဆဘဲ နိုင်ငံတော်အကျိုးရှိမှုကို ကြည့်ရမည့်သဘောပဲဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခရီးသွားလုပ်ငန်းသည် အထူးအရေးပါကြောင်း၊ နိုင်ငံတကာ၌လည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းသဘောတူစာချုပ်ကန့်သတ်ချက်များကို ဖြေလျှော့ပေးနေကြကြောင်း၊ တစ်ဖက်မှလည်း မိမိတို့နိုင်ငံ၏ လေကြောင်းလိုင်း နစ်နာမှုမရှိစေရေးအတွက် လေကြောင်းလိုင်းများ အကျိုးတူလုပ်ဆောင်နိုင်ရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများက ညှိနှိုင်းသဘောတူမှုများရှိကြောင်း။

ဗန်ကောက်လေကြောင်းလိုင်းမှ လေယာဉ်များ၏လုံခြုံစိတ်ချရမှုရှိမရှိနှင့်ပတ်သက်၍ ထိုင်းလေကြောင်းအာဏာပိုင်၏တာဝန်သာဖြစ်ကြောင်း၊ သက်ဆိုင်ရာလေကြောင်းအာဏာပိုင်၏ လက်မှတ်၊ လိုင်စင် စသည့်အချက်များကို စိစစ်ပြီးမှသာခွင့်ပြုကြောင်း၊ ဗန်ကောက်လေကြောင်းလိုင်းသည် ထိုင်းနိုင်ငံ၌ ပြည်တွင်းလေကြောင်းလိုင်းများပြေးဆွဲနေပြီး အောင်မြင်သည့် လေကြောင်းလိုင်းတစ်ခုဖြစ်သည်ဟု သိရကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဗန်ကောက်လေကြောင်းလိုင်း (Bangkok Airways) သည် ဗန်ကောက်-ရန်ကုန်-ဗန်ကောက် ခရီးစဉ်ကို နေ့စဉ်ပျံသန်းလျက်ရှိပြီး အသုံးပြုသည့် လေယာဉ်အမျိုးအစားမှာ ခရီးသည် ၁၂၅ဦး တင်ဆောင်နိုင်သည့် ဘိုးရင်း ၇၁၇-၂၀၀ အမျိုးအစားလေယာဉ်ဖြစ်သည်။ ဗန်ကောက်လေဆိပ်မှ ထိုင်းစံတော်ချိန် နံနက် ၁၁နာရီခွဲတွင် ထွက်ခွာပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာစံတော်ချိန် မွန်းလွဲ၁၂နာရီ ၁၅ မိနစ်တွင် ရောက်ရှိသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗန်ကောက်လေဆိပ်သို့ မွန်းလွဲ၁၂နာရီ မိနစ်၅၀ တွင် ပြန်လည်ထွက်ခွာသည်။ ကုန်ပစ္စည်းတန်ချိန် နှစ်တန် တင်ဆောင်နိုင်ပြီး ခရီးသည်များကို ခွဲခြားထားမှုမရှိဘဲ အတန်းတစ်တန်းတည်းသာ ပါဝင်သည်။ ပုံမှန်ခရီးစဉ်ကို ၂၀၀၄ ခုနှစ် ဧပြီ၃၀ ရက်မှစတင်၍ ပြေးဆွဲပျံသန်းလျက်ရှိသည်။

ဗန်ကောက်လေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်ကို စီးနင်းလိုသူများသည် ရန်ကုန်မြို့ Sakura Tower တတိယထပ်ရှိ ဗန်ကောက် လေကြောင်းလိုင်းရုံးနှင့်မည်သည့်အရောင်းကိုယ်စားလှယ်များ၌မဆို ဝယ်ယူနိုင်ကြောင်းသိရသည်။ ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ထိုင်းနိုင်ငံ ဗန်ကောက် လေဆိပ်ကြားခေါက်တို ပျံသန်းပြေးဆွဲနေသော လေကြောင်းလိုင်းလေးခုရှိသည်။ အဆိုပါ လေကြောင်းလိုင်းတို့မှာ ထိုင်းလေကြောင်းလိုင်း၊ ဖူးခက်လေကြောင်းလိုင်း၊ မြန်မာ့လေကြောင်းလိုင်းနှင့် ဗန်ကောက်လေကြောင်းလိုင်းတို့ဖြစ်ကြသည်။

သဘောတူညီချက်

ဗန်ကောက် လေကြောင်းလိုင်းအနေဖြင့် ယခုကဲ့သို့ ဗန်ကောက်-ရန်ကုန်-ဗန်ကောက်ခရီးစဉ်ကို ပျံသန်းနိုင်ခြင်းသည် ၁၉၆၉ ခုနှစ်က ချုပ်ဆိုခဲ့သည့် မြန်မာ-ထိုင်း နှစ်နိုင်ငံလေကြောင်း ပို့ဆောင်ရေး သဘောတူညီချက် စာချုပ်နှင့် အဆိုပါစာချုပ်ကို သဘောတူပြင်ဆင်ချက်များပါ လေကြောင်းပို့ဆောင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များကို နှစ်နိုင်ငံကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ လေကြောင်း ဆက်သွယ်မှုများကို တိုးမြှင့်ရန် နှစ်နိုင်ငံ ကိုယ်စားလှယ်များ၏ သဘောတူညီချက်များအရ ပျံသန်းနိုင်ခြင်းဖြစ်သည်။

ယခုကဲ့သို့ ဗန်ကောက် လေကြောင်းလိုင်း(Bangkok Airways) ဗန်ကောက်-ရန်ကုန်-ဗန်ကောက် ပုံမှန် ခရီးစဉ် ပျံသန်းပြေးဆွဲနိုင်မှုကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုလာနိုင်မည် ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဗန်ကောက်လေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်အမှတ် T.G °701 လေယာဉ်အမျိုးအစား Boeing 717-200 ကို ပြည်ပလေယာဉ်များနှင့် အတူ တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မဟာသန္တိသုခမှ အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၀

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဇနိတ (ဓမ္မာစရိယ မဟာဝိဇ္ဇာ၊မာဂဓတက္ကသိုလ်)၏ ဩဝါဒခံယူကာ သဒ္ဓမ္မဇောတိကဓဇဆုထူးပန်ဆရာဟန်ကိုယ်တိုင် ပြောသလောက်မခက် ခက်သလောက်လွယ်အောင် ခေတ်မီသော သင်္ကေတနည်းဖြင့် ဦးစီး သင်ကြားပို့ချမည့် တတိယအကြိမ်မြောက် မဟာသန္တိသုခ အဘိဓမ္မာသင်တန်းများကို လာမည့် မေ ၂၂ ရက် (စနေနေ့)မှ စတင်ကာ အောက်တိုဘာလကုန်အထိ (စနေ၊ တနင်္ဂနွေနေ့တိုင်း) ညနေ ၄နာရီမှ ၆ နာရီ အထိ မဟာသန္တိသုခ ကျောင်းတော်ကြီး၏ ချင်းတွင်းခန်းမတွင် စတင်ဖွင့်လှစ်ရန် စီစဉ်ထားသည်။ သင်တန်းတက်ရောက်လိုသူများသည် ကျောင်းတော်ကြီးသင်တန်းရုံး ဖုန်း- ၅၄၄၉၃၈ သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

Myitkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၀

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့်Myanmar P.G.A တို့ကကြီးမှူး၍ Jade Land Myanmar Co., Ltd.က အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် မြန်မာ ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် Myitkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၈ရက် နံနက် ၇ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Northern Star ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ တတိယနေ့ ၁၈ ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan-West) ကပင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက် လျှော့ရိုက်ပြီး ၆၇+ ၇၂+၇၁ ပေါင်း ၂၁၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မြင့်သောင်း(KM Golf Centre) က ၇၆+၇၀+၇၅ပေါင်း ၂၂၁ ချက်ဖြင့် ဒုတိယလိုက်ပြီး၊ မင်းနိုင် (Srixon) က ၇၄+၇၄+၇၄ ပေါင်း ၂၂၂ ချက်ဖြင့် တတိယလိုက်ကာ၊ ကျော်စွာလင်း (Ping) က ၇၅+၇၃+ ၇၅ပေါင်း ၂၂၃ ချက်ဖြင့် စတုတ္ထ လိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့်ကပင် ၇၀+ ၇၂+၇၂ ပေါင်း ၂၁၄ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

ယဉ်အောင်လတ်က ၇၅+၇၀+ ၇၅ပေါင်း(၂၂၀) ဖြင့် ဒုတိယလိုက်ပြီး ကျော်သီဟက ၇၈+၇၃+၇၂၊ နိုင်နိုင်လင်းက ၇၆+၇၅+၇၂နှင့် ဇော်ဇင်ဝင်းက ၇၅+၇၅+၇၃ပေါင်း ၂၂၃ချက်စီဖြင့် ပူးတွဲ တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd. ကလည်းကောင်း၊ Co-Sponsors များအဖြစ် Myanmar Sithu Co., Ltd. ကလည်းကောင်း၊ May and Mark Co., Ltd. ကလည်းကောင်း၊ Kaung Myat Co.,Ltd. ကလည်း ကောင်း၊ Official Hotel အဖြစ် Punt Sun Hotel ကလည်းကောင်း အသီးသီးထပ်မံ၍ ပံ့ပိုးကူညီကြသည်။ **(သတင်းစဉ်)**

ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၄၀)ဖြန့်ချိ

ရန်ကုန် မေ ၁၀

ကာတွန်းမြေဇာ၏ မျက်နှာဖုံးကာတွန်းနှင့် ငွေကြည်၏နှစ်ခါတောင်မှန်တယ်ကာတွန်းဇာတ်လမ်းအပါအဝင် ဆရာသာဂဒိုး၊သန်လျင်မောင်မောင်ဦး၊ ဖိုးဉာဏ်၊ ဆြာကြီးထိန်၊ ဆရာကြီး ထိပ်တင်ဗလရှင်၊ တေးသံရှင် ကြည်အောင်၊ တစ်ကောင်ဘွား(ညောင်ရမ်း)၊ ကာတွန်းမြင့်စိုးလေး၊ မောင်သင်းယဉ်(ပျဉ်းမနား)၊ အေးလွင်ဦး(တမ္ပဝတီ)၊ ပေမှေး၊ ရွှေမျိုးဟိတ်၊ မာန်သွေးသစ်မင်း၊ သန်းထွန်းဇော်၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေးနှင့် ရုပ်ရှင်သဘင် ဟာသရသများကို စုစည်းဖော်ပြထားသော ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၄၀)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် မေ ၁၀

ပဲခူးတိုင်းအနောက်ပိုင်း လက်ပံတန်းမြို့နယ် စမုံတိုက်နယ် မဟာပေါင်းရှာ အနန္တသုခ မဟာပေါင်းကျောင်းတိုက်၌ ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော်၁၀ရက်နေ့မှနယုန်လဆန်း ၁ ရက်နေ့အထိ ရန်ကုန်မြို့ မြောက်ဥက္ကလာပ မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်း မိုးကုတ်နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရှေဦးဆရာတော် အရှင်နန္ဒသိရီ အရှင်သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကျောက်တန်းမြို့နေ
ဦးချစ်ဆွေ-ဒေါ်ကျင်ငွေ (ကောင်းထက်စိန်ရွှေရတနာဆိုင်)တို့၏သား၊ London မြို့နေ
ဆရာဝန်ကြီး ဦးစိုးလွင်၏တူ၊ ကိုအောင်ဗိုလ်ဗိုလ် H.N.D (Business Management)
(ခေတ္တ-London) ၏ညီ၊

မောင်ဖြိုးသီဟ A.G.T.I(E.C), I.D.C.S, N.C.C **ခေတ္တ**-London နှင့်

ဖျာပုံမြို့နေ ဦးကြည်-ဒေါ်သန်းသန်းရီ (ဆန်း-မုန့်ဟင်းခါးလုပ်ငန်း)တို့၏သမီး၊
ဦးမြင့်နိုင် (အင်္ဂလိပ်စာနည်းပြ)-ဒေါ်သန်းသန်းဝင်း(စားသောက်ဆိုင်လုပ်ငန်း)၊
ဦးစန်းရွှေ(ညွှန်ကြားရေးမှူး-ငြိမ်း၊ လယ်/ဆည် ဝန်ကြီးဌာန)-ဒေါ်ခင်ညိုမြင့်
(ဆင်မင်းမုန့်ဟင်းခါးလုပ်ငန်း)တို့၏တူမ

မစုစုကြည် B.A (English)
Supervisor (Arora Hotel) (ခေတ္တ-London)

တို့ကို နှစ်ဖက်သောမိဘများ၏ သဘောတူညီမှုဖြင့် ၆-၅-၂၀၀၄ရက်နေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးသီဟ-မစုစုကြည်။

အပြည်ပြည်ဆိုင်ရာသီးနှံကာကွယ်ရေး သုတေသနစာတမ်းဖတ်ပွဲတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် မေ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် မေ၁၁ရက်မှ ၁၆ရက်အထိကျင်းပမည့် (၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသီးနှံကာကွယ်ရေး ကွန်ဂရက်၏ အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲသို့ တင်သွင်းယှဉ်ပြိုင်ခဲ့သည့် "ဂေါ်ဖီစိန်ကွက် ဖလံဖျက်ပိုးများအား သဘာဝအစာနှင့် အစာတုများပေါ်၌ မွေးမြူခြင်း၊ သိုလှောင်ထားနိုင်စွမ်း၊ ရုပ်ဖုံးများအား အလူမီနီယမ် စက္ကူပေါ်၌ ကောက်ယူနိုင်စွမ်း၊ တောင်သူစိုက်ခင်းများ၌ တွေ့ရှိခဲ့ရသော သဘာဝတောင်သူ အကျိုးပြု မိတ်ဆွေလောက်ကောင်နှင့် ရုပ်ဖုံးကပ်ပါးများ၏ ကပ်ပါးပြုနိုင်စွမ်း စမ်းသပ်ခြင်း" သုတေသနစာတမ်း ရွေးချယ်ခံရသဖြင့် စာတမ်းတက်ရောက်ဖတ်ကြားပေးရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဖိတ်ကြားခြင်းခံရသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာစိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေး ဌာနခွဲမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်နီလာမောင် **(ဝဲပုံ)**သည် မေ ၉ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်ဖြင့် ပေကျင်းမြို့သို့ ထွက်ခွာသွားသည်။

ဖိတ်ကြား

မြန်မာစာတမ်းရှင် ဒေါ်နီလာမောင် ဖတ်ကြားတင်သွင်းမည့် သုတေသနစာတမ်းအကျဉ်းချုပ်ကို ပုံနှိပ်ဖော်ပြမည်ဖြစ်ကြောင်းနှင့် စာတမ်းရှင်အနေဖြင့် ယခုအကြိမ်သည် တတိယအကြိမ်မြောက် သုတေသနစာတမ်း တက်ရောက်ဖတ်ကြားရန် ဖိတ်ကြားခံရခြင်းဖြစ်ကြောင်း သိရသည်။ **(က-ပ)**

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ပဲခူးတိုင်း၊ ဆွာမြို့နေ
ဒုအရာခံဗိုလ်(ရုံးအုပ်) တင်အေး-ဒေါ်တင်မြင့်ရီတို့၏ သားကြီး

ဗိုလ်ကိုကိုဦး B.A (Myanmar) နှင့်

ရန်ကုန်တိုင်း၊ F.M.I City ၊ အမှတ် ၄၀၊ ရွှေစံပယ် (၃)လမ်းနေ
ဦးမြသောင်း-ဒေါ်ဝင်းကြည်တို့၏သမီးငယ်

မလှဲ့လှဲ့ဝင်း (Business Management)

တို့၏ ၉-၅-၂၀၀၄ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်း ချီးမြှင့်ပေးခဲ့သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့်ဇနီး ဒေါ်ညွှန့်ညွှန့်ဝေတို့အားလည်းကောင်း၊ ဗိုလ်မှူးကြီးတင်လှနှင့်ဇနီး ဒေါ်လှမြင့်တို့ အားလည်းကောင်း၊ မင်္ဂလာလက်စွပ်လဲလှယ်ပေးသော မြန်မာနိုင်ငံဆန်/ဆီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးငြိမ်း-ဒေါ်အုန်းကြင်တို့အားလည်းကောင်း၊ သတို့သား၊ သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးကြသော ဗိုလ်ကြီးစိုးမင်းအေးနှင့် မခင်သီတာထွန်းအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ အလှဖန်တီးရှင် ထွန်းထွန်းလင်း(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ သူငယ်ချင်းများအားလုံး၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့သော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးအပေါင်းနှင့် ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်အပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဗိုလ်ကိုကိုဦး-မလှဲ့လှဲ့ဝင်း။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့ ထားဝယ်စုရပ် ဆရာပြောင်းလမ်း အိမ်အမှတ် ၆၅ နေ ဦးစိုးညွှန့် ၆/မအရ(နိုင်)၀၂၈၀၂၂-(ဒေါ်တင်လှ)တို့၏သမီး မနီနီဝင်း ၆/မအရ(နိုင်)၀၂၇၆၀၀သည် မိဘ၏ ဆိုဆုံးမမှုများကို အကြိမ်ကြိမ်လိုက်နာမှုမရှိဘဲ ၎င်း၏ သဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ **ဖခင်-ဦးစိုးညွှန့်။**

မြန်မာတုန်းတာကုန်စည်ပြပွဲ-၂၀၀၄ ရန်ကုန်ကုန်သွယ်မှုဇဟိုဌာန၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် မေ ၁၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာတုန်းတာကုန်စည်ပြပွဲ-၂၀၀၄ (Myanmar Tong Tah Trade Fair-2004)ကို မေ ၁၉ ရက် မှ ၂၃ ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှု ဇဟိုဌာနတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် Tong Tah Co., Ltd. မှ Pentel, Carl, Max, Midori, Sam Wang, Tae Yang, Hello Kitty, Comix, Helix, Panoco အမှတ်တံဆိပ်ရုံးသုံး၊ကျောင်းသုံးစာရေးကိရိယာအမျိုးမျိုး၊ My Shaldan, ARS, Kobayashi အမှတ်တံဆိပ် ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံး ရေမွှေးများ၊ Oriental Koshin အမှတ်တံဆိပ် လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊ Makita, Maktec အမှတ်တံဆိပ်လက်သမားသုံးပစ္စည်းများ၊ Turtle Wax, Soft 99 အမှတ်တံဆိပ် ကားပေါ်လစ်များ၊ WD-40 အမှတ်တံဆိပ် သံချေးချွတ်ဆေးများ၊ Granja, Kaaz အမှတ်တံဆိပ် မြက်ရိတ်စက်များ၊ V-Tech ကော်အမျိုးမျိုး၊ Stihl, Oleomac တံဆိပ်သစ်ဖြတ်စက်များ၊ Ercolina အမှတ်တံဆိပ် အလူမီနီယမ်လှေကားများ၊ Yamaha အမှတ်တံဆိပ် မီးစက်များ၊ Sanwa အမှတ်တံဆိပ် Multitester အမျိုးမျိုး၊ အင်ဂျင်အမျိုးမျိုးတို့နှင့် Kyocera Mita အမှတ်တံဆိပ်မိတ္တူကူးစက်နှင့် Computer နှင့် Printer အပိုပစ္စည်းများကို Star Entertainment Co.,Ltd. နှင့် ပူးပေါင်း၍ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲများ၊ တေးဂီတဖျော်ဖြေပွဲများအပြင် Canon, Bagan Cyberech, Myanmar Technology Gate Way, Soft Guide, FIT, Citicon, Smart, Intellect, Martech Co., Ltd., Fisca Enterprise, Myanmar Millennlum Group, Systematic, T-Land, Lin Thu Zar, Spring Commercial Co.,Ltd., NCTC Computer Co.,Ltd. နှင့် Centillion Co.,Ltd တို့မှ Computer နှင့် Printer အပိုပစ္စည်းများကို ပြသမည်ဖြစ်ပြီး အထူးအစီအစဉ် အနေဖြင့် Bagan Cybertech မှ ပြပွဲကာလအတွင်း Internet ကို အခမဲ့သုံးစွဲခွင့်ပြုမည် ဖြစ်သည်။ Ngapali နှင့် Shwe Gabar Maung Maung, Naing Group Construction, Maung Maung Gyi Construction တို့မှ အဆင့်မြင့် အိမ်ရာစီမံကိန်းပုံစံငယ်များကိုလည်းကောင်း၊ Vector Co., Ltd, Radium Industry Co.,Ltd., Kol Global Co.,Ltd., U Than Ohn& Sons, RF Maung Maung, Honda U Khin Maung, Lu Lay Co.,Ltd.တို့မှ အင်ဂျင်၊ မီးစက်နှင့် စက်ပစ္စည်းအမျိုးမျိုး၊ Fresh Air Conditioners မှ လေအေးပေးစက် အမျိုးမျိုး၊ Win Garment, Mya Nady, Gent Garment, Latest Shirt, Style World, Hein Htoon Aung တို့မှ အသင့်ချုပ်ပြီး အဝတ်အထည်အမျိုးမျိုးကိုလည်းကောင်း၊ Shwe Gabar မှ ကလစ်၊ ရင်ထိုးအမျိုးမျိုး၊ Win Family Industry Co.,Ltd. မှ ပန်းအလှပစ္စည်းအမျိုးမျိုး၊ Reva Co.,Ltd.နှင့် Shoe Studio တို့မှ ဖိနပ်အမျိုးမျိုး၊ Maruart Co.,Ltd. (ကိုရီးယားကြမ်းခင်း)၊ Tricer Co., Ltd. မှ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ သိမ်းနှင့် သားများမှ ဆေးရုံသုံးပတ်တီးလိပ်များ၊ Lonemay, N.I.C.E, Shwe San Chaung, Myanmar Dairy Industries Ltd., Yadanar Myanmar Traditional Food Products, Star Croissant Bakery House, KTB& F, MAKRO Industry ငါးသေတ္တာ၊ ငရုတ်ဆီ၊ Moe Pyan Ananwa မှ စားသောက်ကုန်ပစ္စည်းများနှင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ပြသသွားမည် ဖြစ်ပြီး KSW Light Truck, AMSS အောင်မြင်ရှမ်းစတား၊ KKK ကျားကိုးကောင် စက်မှုဇုန်များမှ ထုတ်လုပ်သော မော်တော် ကားများကိုလည်း ခင်းကျင်းပြသရောင်းချသွားမည့်အပြင် တုန်းတာကုမ္ပဏီပြခန်းများတွင် ကုန်ပစ္စည်းများကို ၁၀ ရာခိုင်နှုန်းလျှော့၍ အထူးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းလည်း သိရသည်။ အထူးအစီအစဉ်အဖြစ် ပန်းချီရေးဆွဲပြိုင်ပွဲကို ဝသန်မိုးရွာခင်း ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မေ ၁၇ရက် နောက်ဆုံးထား၍ Tong Tah Co.,Ltd. ဖုန်း-၂၉၅၆၁၃၊ ၂၉၈၁၂၈ သို့ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တိုင်းစစ်ဌာနချုပ် မွေးမြူရေးစခန်းများစစ်ဆေး ကြက်သား၊ ငါးနှင့် ကြက်ဥများ တိုးမြှင့်ထုတ်လုပ်ရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်က ဆောင်ရွက်ထားရှိသည့် မွေးမြူရေးစခန်းများသို့ သွားရောက်၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မွန်းလွဲ(၁)နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်က ဆောင်ရွက်ထားရှိသည့် အမှတ်(၂) မွေးမြူရေးစခန်းသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းဆင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်း ဆောင်၌ ခြံတာဝန်ခံအရာရှိ ဗိုလ်မှူးမြတ်ငြိမ်းက အမှတ်(၂) မွေးမြူရေးစခန်း အတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ ရစ်ကြက်များ မွေးမြူထားရှိမှုနှင့် ကြက်ဥထုတ်လုပ်ရောင်းချနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းဆင့်က ရန်ကုန်တိုင်းစစ်ဌာန ချုပ်မှဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းစစ်ဌာနချုပ်က ဆောင်ရွက်ထားရှိသည့် မွေးမြူရေးလုပ်ငန်းသည် ရန်ကုန်မြို့နေ ပြည်သူများ၏ အသားနှင့် ကြက်ဥ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ မွေးမြူပြီး ကြက်သား၊ ငါးနှင့် ကြက်ဥများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် အမှတ်(၂) မွေးမြူရေးစခန်းအတွင်း Battery Cageစနစ်ဖြင့်ဥစားကြက်များ မွေးမြူဖြစ်ထွန်းနေမှုများကိုလည်းကောင်း၊ ရစ်ကြက်များ မွေးမြူဖြစ်ထွန်းနေမှုများကိုလည်းကောင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ကြက်ခြံများအတွင်း သန့်ရှင်းရေး အလေးထားဆောင်ရွက်ရန်နှင့် ကြက်ခြံပတ်ဝန်းကျင်ရှိ မြေကွက်လပ်များ၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရေး မှာကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်က ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးစခန်းများမှ ထွက်ရှိသည့် ကြက်သား၊ ကြက်ဥနှင့် ငါးများကို ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ် လုပ်သူများ၏ အခွန်လွတ်ဈေးများနှင့် စည်ပင်သာယာဈေးများမှတစ်ဆင့် စနစ်တကျရောင်းချပေးရေး မှာကြားသည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် ဗားဂရာတိုက် ရွှေတောင်တိုက်သစ် စာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသား ၁၀၈ ဦးတို့အား ရှင်သာမဏေပြုပွဲကို မေ ၁ ရက်က စာသင်တိုက်ကျောင်းခန်းမတွင်ပြုလုပ်ရာ အလှူရှင်ဦးကိုကိုလတ်-ဒေါ်တင်တင်မေမိသားစု (ကြည်သာရတနာရွှေဆိုင်)သဃ်န်းကျွန်းဈေးကြီးတို့နှင့်အတူ သာသနာ့ဘောင်ဝင် ရှင်သာမဏေ ၁၀၈ပါးတို့ မှတ်တမ်းတင် ရိုက်ကူးစဉ်။ (၁၂၉)

ဓမ္မပိဋကစာပေဆုနှင့် ဆန်းလွင်စာပေဆုချီးမြှင့်

ရန်ကုန် မေ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် ထေရဝါဒဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုချီးမြှင့်ပွဲကို မေ ၈ ရက် နံနက် ၈ နာရီက ရွှေတိဂုံဘုရား အလယ်ပစ္စယာ ရှင်သာမဏေ ဓမ္မဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော်ဘဒ္ဒန္တပညိန္ဒာဘိဝံသ မဟာထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ဆိုကြပြီး စစ်ကိုင်းတောင်ရိုး သဇ္ဇနောဒယ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သဇ္ဇနာဘိဝံသ မဟာထေရ်မြတ်က သမ္မောဒနီယ ကထာ ဟောကြားသည်။

ဆက်လက်၍ ရန်ကုန် ပုညနိမ္မိတာရာမ ရွှေသုဝဏ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသဒ္ဒိယက ဩဝါဒကထာ တရား ချီးမြှင့်ပြီး ရန်ကုန် အဘယာရာမ စိန်ရတနာကျောင်း ပဓာန ဓမ္မဗိမာန် နာယက ဘဒ္ဒန္တ သာသနဝရ (ဓမ္မာစရိယ M.A) က ဆုနှင်းသဘင်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် အလှူရှင် ဆရာမကြီး ဒေါက်တာဒေါ်ခင်ခင်ရီက ဓမ္မဗိမာန်စာပေဆုနှင့်ပတ်သက်၍လည်းကောင်း၊ ဦးဆန်းလွင်၏ သမီး ဒေါ်စောမြတ်ကလျာဆန်းက ဆန်းလွင်စာပေဆုနှင့်ပတ်သက်၍လည်းကောင်း လျှောက်ထားကြသည်။

ထို့နောက် ကျေးဇူးရှင် မိခင်ကြီးဒေါ်စန်းရီနှင့်အလှူရှင်သမီးဒေါက်တာဒေါ်ခင်ခင်ရီတို့က ဓမ္မာစရိယ ပါဠိပထမပြန် ပထမဆုရ သာသနာ့အာဇာနည်များနှင့် သီလရှင်ဆရာလေးများအား ဂုဏ်ပြုဆုလက်မှတ်နှင့် နဝကမ္မအလှူငွေကျပ် ၅၀၀၀၀ စီ ဆက်ကပ်လှူဒါန်းသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဆရာမကြီး ဒေါက်တာ ဒေါ်ခင်ခင်ရီနှင့် ဦးဆန်းလွင်မိသားစုတို့က ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုရရှိသူများအား စာပေဆုများ ချီးမြှင့်ကြသည်။ **(က-ပ)**

ထူးချွန်ကြက်ခြေနီ မောင်မယ်များအား ကျန်းမာရေးဆိုင်ရာ ဟောပြောပို့ချ

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသည့် ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ(၂၀၀၄)သို့တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ ထူးချွန်ကြက်ခြေနီမောင်မယ်များအား ကျန်းမာရေးဆိုင်ရာများ ဟောပြောပို့ချပွဲများကို မေ ၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပို့ချပွဲများတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ သင်တန်းဌာနမှူး ဒေါက်တာအောင်ကျော်ထွဋ်က "လူလူချင်း ရှေးဦး ပြုစုခြင်း" အကြောင်းကို သရုပ်ပြ ရှင်းလင်းပြီး "ဆေးရုံမရောက်မီ ထိခိုက်ဒဏ်ရာပြုစုခြင်း"အကြောင်းကို ဟောပြောပို့ချသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဆက်သွယ်ရေးဌာန ဌာနမှူး ဦးစံထွန်းအောင်က"ကြက်ခြေနီအခြေခံမှုများ"အကြောင်းကိုဟောပြောပို့ချပြီး ညပိုင်းတွင် ပြည်နယ်နှင့်တိုင်းများအလိုက် ကြက်ခြေနီမောင်မယ်များက မိမိတို့တွေ့ကြုံ ရသည့်အတွေ့အကြုံ၊ ထူးခြားဖြစ်စဉ်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အချစ်၊ အလွမ်း၊ ဟာသ နှင့် ဘဝဖြစ်ရပ်စုံ ပါဝင်သော မြန်မာဗီဒီယိုဇာတ်ကား ၁၄ ကား ဖြန့်ချိ

မောင်ဆွေထွန်း

ရန်ကုန် မေ ၁၀

ယခု တနင်္လာပတ် မေ ၁၀ ရက်မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၄ ကား ဖြန့်ချိသည်။ အချစ်၊ အလွမ်း၊ ဟာသနှင့် ဘဝဖြစ်ရပ်စုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော ဇာတ်ကားများဖြစ်ကြသည်။

ကြောင်ကမ္ဘာဗီဒီယိုမှ ဇမ္ဗူထွန်း သက်လွင်ရိုက်ကူး၍ နေမျိုးအောင်၊ စုလှိုင်နှင်းတို့ပါဝင်သော **'တစ်မိပေါက် တစ်ယောက်ထွန်း'**၊ စိန်ငွေဗီဒီယိုမှ ခင်စောမျိုး ရိုက်ကူး၍ ကျော်ဟိန်း၊ သားညီ၊ မေသန်းနုတို့ ပါဝင်သော **'ထိုက်သူစေ'**၊ သူရိယဗီဒီယိုမှ ဘကြီးစံ ရိုက်ကူး၍ ရဲဒိုး၊ ထက်ထက်တို့ပါဝင်သော **'ကဲ- ဒီမှာ စတွေ့တာပဲ'**။

ဗိုဝမ်းရိုက်ကူး၍ စိုင်းသီဟ၊ နှင်းအဥ္ဇလီတို့ပါဝင်သော **'မိုက်သင့်မှမိုက်'**၊ စနိုးပိုက်ဗီဒီယိုမှ မောင်မောင်ဦး ရိုက်ကူး၍နိုင်းနိုင်း၊ပန်းဖြူ၊ စိုးမိုးကြည်တို့ ပါဝင်သော **'ဒိုးနဲ့မောင်မောင်'**၊ လပ်ကီးဆဲဗင်းမှနေပိုင်ရိုက်ကူး၍ လူမင်း၊ပန်းဖြူတို့ပါဝင်သော **'အမှောင်၏ အလွန်'**၊

မဏိရွှေစင်မှ မိုးအောင်ရိုက်ကူး၍ ဝေဠုကျော်၊ ဟန်ဇာမိုးဝင်း၊ စိုးမြတ်နန္ဒာတို့ ပါဝင်သော **'မူယာအနမ်း'**၊ ထက်ပိုင်ရိုက်ကူး၍ ဂျွန်ဂို၊ ကျော်ဇောဟိန်း၊ မြသင်းချယ်တို့ ပါဝင် သော **'သွေးထဲကကျားပေါက်'**၊ အောင်ညဘာ ရိုက်ကူး၍ ခင်လှိုင်၊ သျှားညို၊ အေးဝတ်ရည်သောင်းတို့ပါဝင်သော **'ဖားတုခရု'**၊ ဒေါနရိုက်ကူး၍ ပိုင်ဖေ ရဲထွန်း၊ လှအဥ္ဇလီ တင့်တို့ပါဝင်သော **'ဟန်ဆောင်ကာမူပို'**၊ မျိုးဇော်အောင် ရိုက်ကူး၍ ကျော်သူ၊ အောင်ပိုင်၊ အိုင်းရစ်လေပြေဦး တို့ ပါဝင်သော **'ဝိဉာဉ်မဲ့ ခေါင်းလောင်းသံ'**၊ ကြည်သာ (ပွဲကြိုက်ခင်) ရိုက်ကူး၍ မင်းဟိဏ်း၊ ကြည်သာ၊ ထူးထူးရွှေစင်တို့ ပါဝင်သော **'ပျော်စေချင်လို့ပါ'**၊ စိန်ငွေဗီဒီယိုမှ ဗိုလှ ရိုက်ကူး၍ စိန်ဦး၊ ခင်လှိုင်၊ မန်းဝင်း၊ မြင့်မြင့်ကြည်တို့ ပါဝင်သော **'ငြိမ်းချမ်းရေးအငြိမ့်'**၊ ဒါရိုက်တာ စိုးကျော်ကျော်ရိုက်ကူး၍ ရဲမင်းပိုင်၊ သစ္စာရဲနီတို့ပါဝင်သော **'ဒေါင်းတင်က လက်ခမောင်း'** ဇာတ်ကားများ ဖြန့်ချိပြသကြသည်။ ။ **(မြန်မာ့အလင်း)**

မဏိရွှေစင် ဗီဒီယိုမှ ဒါရိုက်တာ မိုးအောင်၏ 'မူယာအနမ်း' ဇာတ်ကားမှ ဝေဠုကျော်၏ သရုပ်ဆောင်ဟန်။

စိန်ငွေဗီဒီယိုမှ ဖြန့်ချိသော 'ထိုက်သူစေ' ဇာတ်ကားမှ မေသန်းနု နှင့် ကလေးသရုပ်ဆောင် တစ်ဦး။

စနိုးပိုက် ဗီဒီယိုမှဖြန့်ချိသော 'ဒိုးနဲ့မောင်မောင်' ဇာတ်ကားမှ နိုင်းနိုင်းနှင့် ပန်းဖြူ။

သတိပေးအကြောင်းကြား

ရန်ကုန် မေ ၁၀

ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက်မရရှိသေးဘဲ ဓာတ်ပုံ၊ ဒီဇိုင်းများ ထည့်သွင်းဖော်ပြ အသုံးပြုမှုများကို ရှောင်ကြဉ်ကြရန် ဗီဒီယိုဆင်ဆာအဖွဲ့က ဗီဒီယိုထုတ်လုပ်သူများအား အသိပေး အကြောင်းကြားထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

ချမ်းသာကြီးစေတီတော် စိန်ဖူးတော်တင်လှူပူဇော်

လပွတ္တာ မေ ၅

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် လပွတ္တာလုပ်(မြောက်) ကျေးရွာ ချမ်းသာကြီးစေတီတော်မြတ်ကြီး စိန်ဖူးတော်တင်လှူပွဲ မင်္ဂလာ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက်က အဆိုပါ ကုန်းတော်ရှိ မင်္ဂလာ မဏ္ဍပ်၌ကျင်းပရာ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းဝင်းနှင့် လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်တို့က စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စိန်ဖူးတော်အား မင်္ဂလာရထားပုံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြပြီး ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။ (ဝ၉ဝ)

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆုချီးမြှင့်

မော်လမြိုင် မေ ၈

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့ နေ့နှင့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို မေ ၅ရက်က မော်လမြိုင်မြို့ မီးသတ်ဦးစီးဌာန စခန်းရုံးတွင်ကျင်းပရာ မွန်ပြည်နယ် မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က ဘက်စုံ မီးသတ်စခန်းသာယာလှပရေး ပထမဆုရ မော်လမြိုင်မြို့နယ်၊ ဒုတိယဆုရ ဘီးလင်းမြို့နယ်၊ တတိယဆုရ ကျိုက်မရောမြို့နယ်နှင့်၂၀၀၃-၂၀၀၄ ခုနှစ်မြို့နယ်အလိုက်တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည့် အရန်မီးသတ် တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းလင်းက ရန်ကုန်မြို့တွင် ကျင်းပပြီးစီးသည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အောင်ဆန်းစစ်ကြောင်း စံပြဒုတိယဆုရမြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂) တပ်ခွဲမှူး မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်းအားလည်းကောင်း၊ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်က ၁၀ မြို့နယ် အတွင်းဘက်စုံဆုရ တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ မွန်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးညိုရွှေက လုပ်သက်၂၅နှစ်အထက်အရန်မီးသတ်တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ မွန်ပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းလှိုင်**(ယာပုံ)**၊မော်လမြိုင်မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးအောင်ဆွေဝင်းနှင့် မော်လမြိုင် အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ညွန့်တို့က ဘက်စုံ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။ **(၁၆၈)**

ကျောက်ဖြူ၌ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ကျောက်ဖြူ မေ ၅

ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို မေ ၂ရက်က ကျောက်ဖြူမြို့နယ် သိုင်းချောင်းကျေးရွာအုပ်စု ပျားကျွန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

<u>**ဖဲကြိုးဖြတ်**</u>

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်လှနှင့် သိုင်းချောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်ဇံဝေတို့က နယ်လှည့်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

<u>**ကျေးဇူးတင်စကား**</u>

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိဦးခင်မောင်လှက ပျားကျွန်ကျေးရွာကိုယ့်အားကိုယ်ကိုးပညာဝဇ္ဇန စာကြည့်တိုက်သို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးအောင်ဇံဝေက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ပန်းတနော် ကပိုင်ကျေးရွာ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ

ပန်းတနော် မေ ၇

ပန်းတနော် ကပိုင်ကျေးရွာတွင် ပညာရွာစာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၃၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်တင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထိုအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်တင်တင်လှိုင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဧပြီ၃ရက်က တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း တွင် အရည်အချင်းပြည့်မီသူ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးစိုးနိုင်က ကျောင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

ကျေးလက်ဒေသ ရေရရှိရေး အလှူငွေပေးအပ်

ကောလင်း ဧပြီ ၇

ကောလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စုံညီအစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသရေရရှိရေး အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဧပြီ၂ရက်က ကောလင်း မြို့နယ် တောင်မော်ကျေးရွာ ကမ္မဋ္ဌာန်းရိပ်သာကျောင်းတွင်ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ရိပ်သာဦးစီးပဓာန ဆရာတော်ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ (အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ)က ဩဝါဒကထာမြွက်ကြား ချီးမြှင့်တော်မူပြီး ကျေးလက်သောက်သုံးရေ ရရှိရေးအတွက် အလှူတော်ငွေကျပ် ရှစ်သောင်းကို အသင်းနာယကဒေါ်ရီရီက ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ (အဂ္ဂမဟာ ကမ္မ ဋ္ဌာနာစရိယ) အား ဆက်ကပ်လှူဒါန်းသည်။ **(ဝ၂၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

မေ ၁ရက်က လက်ပံတန်းမြို့ မိုးရာသီရေစီးရေလာကောင်းမွန်စေရေးအတွက်ကြိုတင်၍ မြို့တွင်းရေမြောင်းများ တူးဖော်ဆောင်ရွက်ကြရာ လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်နှင့် ဝန်ထမ်းများက လက်ပံတန်းမြို့နယ် တာဆိပ်လမ်းဆုံရေဆိုးထုတ်မြောင်းမကြီးကို စုပေါင်းတူးဖော်ကြစဉ်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ့အသံ

၁၂-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည့်ထွန်းကား
(ကော်ဖီပင်စိုက်ပျိုးရေးအကြောင်း)
၁၁:၃၀ သောတရှင်အတွက် ပြန်ကြားချက်
၁၂:၀၀ မြန်မာမှုအထွေထွေ(ကနီဦးလှညွန့်)
(လူ့ဘဝ၏ကုသလအဖြာဖြာ)
၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး
(အကျိုးရှိသောဘဝနေနည်း)
(ဆန်းငြိမ်းအေး)
၁၂:၃၅ ခရီးသွားစကားဝိုင်း
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ
(စာဖိုမှူးကြီးများ၏ မုန့်ဟင်းခါးပွဲတော်-ဒေါ်စောမုန်ညင်း)

ညနေပိုင်း

၁၇:၃၀ အစာနှင့် အာဟာရ
(မန္တလေးမုန့်ဟင်းခါး)
၁၇:၄၅ အဆို၊အက၊အရေး၊အတီး
ဆုရအစီအစဉ်(ရှမ်းပြည်နယ်မှ မောင်ဇေယျာထွန်း၏ စန္ဒရားလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)နေပျော်သောဘဝ(ဘာရာမျိုး)
(၂)ရိုတ်စပီးယားပုံပြင်များ
(ပထမတွဲ)(မောင်သိန်းလွင်-ပြန်ဆိုသည်)
၁၉:၁၅ သီချင်းကြီးတူရိယာအဖွဲ့
(စောင်းခိုင်ဝင်း-သီချင်းကြီးအဖွဲ့)
၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး
(မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော ဆန်းပြားသည့်အချစ်တေးစီးရီး)

အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်အသင်းတို့ ပူးပေါင်းစီစဉ်သည့် ဇာတိမာန် စာအုပ်၊ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲကို ဧပြီ၆ ရက်ကပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မေမြင့်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဒေါက်တာမောင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ပေးအပ်

ကချင်ပြည်နယ် ဖားကန့်မြို့နယ် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဧပြီ ၃ ရက်က ဒွန်ဘန်ကျေးရွာရုံး၌ ကျင်းပရာအခမ်းအနားတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၄၃ဦးအား ဖားကန့်မြို့နယ် ဦးစီးဌာနမှူး ဦးစိုင်းမြင့်အောင်က ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဂမ်ရိန်သို့ ပေးအပ်စဉ်။

(က-ပ)

ရိဒ်–တီးတိန်ကားလမ်းရှိ မံဆွောင်းကြိုးတံတားတည်ဆောက်လျက်ရှိ တိုင်းမှူးဗိုလ်ချုပ်သာအေး စစ်ဆေးစံချိန်စံညွှန်းမီ ပြီးစီးရေးမှာကြား

ရန်ကုန် မေ ၁၀

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက် မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ၇ရက် ည ၇နာရီကရိဒ်ခေါဒါရ်မြို့ မြို့နယ်ခန်းမသို့ရောက်ရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ရိဒ်ခေါဒါရ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးဦးမြဝင်းက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် ဌာနဆိုင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဖြည့်စွက်ရှင်း လင်းတင်ပြသည်။

ယင်းနောက်တိုင်းမှူးကတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းမှာကြားပြီး ရိဒ်ခေါဒါရ်မြို့ အခြေခံ ပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် ဒေသခံပြည်သူများအတွက် အဝတ်အထည် အသုံးအဆောင် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

မေ၂ရက်နံနက် ၇နာရီတွင်တိုင်းမှူးသည် ရိဒ်ခေါဒါရ်မြို့ရပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ အဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ၁၆ ခုတင်ဆံ့မြို့နယ်ဆေးရုံတည်ဆောက်မှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုးတံတား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရိဒ်ခေါဒါရ်မြို့အဝင်တီနားကြိုး တံတားကိုလည်းကောင်း၊ ရိဒ်ခေါဒါရ် ဝက်မွေးမြူရေးခြံသို့ လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ပြီးစီးမှု

မွန်းလွဲ ၁ နာရီတွင် တိုင်းမှူးသည် ရိဒ်–တီးတိန်ကားလမ်းပေါ်ရှိ မဏိပူရမြစ်အား ဖြတ်ကူးတည်ဆောက်လျက်ရှိသော မံဆွောင်း ကြိုးတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက ကြိုးတံတား တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်း တင်ပြပြီး တိုင်းမှူးက ကြိုးတံတားကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ဧပြီ ၂၃ ရက်က ကန့်ဘလူမြို့ သာယာလှပရေးအတွက် တပင်ရွှေထီး လမ်းတစ်လျှောက် ဝဲ–ယာ လမ်းဘေး ကတ်တုံးများ ဆောင်ရွက်ခြင်း လုပ်ငန်းကိုကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြား

ရေးမှူး ဦးအောင်ကိုလတ်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သန်းသန်းတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်း တင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကျေးလက်ဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

ညောင်ဦး ဧပြီ ၂၇

ပုဂံ–ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းနှင့် ငါ့သရောက်မြို့စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဖြိုးမင်းဝင်း တို့သည် ဧပြီ ၂၅ရက်က ညောင်ဦး–ငါ့သရောက် လမ်းပိုင်း အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးကွင်းဆင်းတိုင်းတာခြင်း၊ကျေးလက်အိမ်ရာစီမံကိန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် မြေနေရာများနှင့် လက်ရှိအသုံးပြုလျက် ရှိသည့် မြန္နာ သောက်သုံးရေကန်တို့ကို ကွင်းဆင်းကြည့်ရှုပြီး မြို့နယ်ခွဲအတွင်း စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေးကြကြောင်း သိရသည်။ **(၃၀၀)**

ယဉ်ကျေးမှုသင်တန်း အောင်လက်မှတ်ပေးအပ်

အင်းတော် ဧပြီ ၁၅

အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်(တိုးချဲ့) မူလတန်းကျောင်းတွင် (၂၁) ကြိမ်မြောက် ယဉ်ကျေးမှုသင်တန်းအောင်မြင်သော သင်တန်းသားများအား အောင်လက်မှတ်ပေးအပ်ပွဲကို ဧပြီ၂ရက်က အဆိုပါ ကျောင်းတွင် ကျင်းပရာ ဆရာတော်ဦးဝိရိန္ဒက သြဝါဒကထာမြွက်ကြားပြီး မြို့နယ်သာသနာရေးဦးစီးမှူး ဦးကျော်ငွေက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (၁၃၃)

နှမ်းစပါးစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

ခင်ဦး မေ ၁

ခင်ဦးမြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းသည် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့်အတူ ဧပြီ၂၁ရက်က ရွှေဘိုတူးမြောင်း လက်တံအမှတ်(၁)မြင်းဒေါင်းစိုက်ပျိုးရေးစခန်းနှင့် လက်တံအမှတ် (၃) ငွေးကုန်းစခန်းတို့တွင်နှမ်းစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ ယခုနှစ်တွင် ခင်ဦးမြို့နယ် နှမ်းစပါး ဧက ၂၄၂၆၀ စိုက်ပျိုးရန် လျာထားရာ ၂၄၄၄၂ ဧကစိုက်ပျိုး ပြီးစီး၍ မိုးစပါး စိုက်ပျိုးနိုင်ရန် တောင်သူများ၏ ရေရရှိရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဧပြီ ၄ရက်က မန္တလေးအောင်မြေသာစံမြို့နယ် ၂၂လမ်းနှင့် ၈၆လမ်းထောင့် ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် အသင်းအား မန္တလေးတိုင်းသမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြူနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အသင်းဥက္ကဋ္ဌ ဦးဘကြည် ရှင်းလင်းတင်ပြစဉ်။ (၁၆၂)

မေ ၄ ရက်က ပဲခူးတိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စာရေး ဝန်ထမ်းများ လုပ်ငန်းစွမ်းရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၆/၂၀၀၄)ကို ပဲခူးမြို့၌ ဖွင့်လှစ်ပွဲတွင် တိုင်းအုပ်ချုပ်ရေးမှူး ဦးချစ်မောင်ကသင်တန်းဖွင့်အမှာ စကား ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

မြင်းခြံမြို့နယ် ဆီမီးခုံ စံပြ ကျေးရွာတွင် ဆီမီးခုံမြို့ဝန် စာဆိုတော်ကြီး ဦးရွှန်းအား ဂုဏ်ပြုသော အားဖြင့် ကိုယ့်အားကိုယ်ကိုး ဦးရွှန်း စာကြည့်တိုက် ဖွင့်ပွဲကို ဧပြီ ၇ရက်က ရွှေစည်းဂုဏ်မြတ်စွာ ဘုရားခြေတော်ရင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးခရိုင် ဦးစီးအရာရှိ ဦးတင်အောင်ညွှန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်အောင်တို့က ကိုယ့်အားကိုယ်ကိုး ဦးရွှန်း စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၄၀၂)

ချိုင်းကျေးရွာ၌အလှူရှင်စက်ရေတွင်းဖွင့်

ပျဉ်းမနား မေ ၆

ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် နှစ်လက်မ အလှူရှင်စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မေ၂ရက် နံနက် ၉နာရီက ချိုင်းကျေးရွာ မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ နှစ်လက်မ စက်ရေတွင်းကို အလှူရှင်ဦးလင်းဝင်း–ဒေါ်ရီရီစိန်မိသားစုကကျပ် ငါးသိန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျပ်သုံးသိန်း၊ စုစုပေါင်းကျပ် ရှစ်သိန်းဖြင့် အကုန်အကျခံဆောင်ရွက်ရာ တစ်နာရီ ရေဂါလန် ၁၈၀၀နှုန်းထွက်ရှိသဖြင့် ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

တီဘီရောဂါကာကွယ်နှိမ်နင်းရေး

(က) ရောဂါဖြစ်ပွားကူးစက်ပုံ

- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါဖြစ်သည်။
- ဝေဒနာရှင် ချောင်းဆိုးခြင်း၊ နှာချေခြင်း သလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ ကူးစက်သည်။
- အသက်အရွယ်မရွေး လူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှုရှိသူများတွင် အဖြစ်များသည်။

(ခ) ရောဂါလက္ခဏာများ

- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ် ၃ပတ်နှင့်အထက်)။
- ချောင်းဆိုးသွေးပါခြင်း။
- သလိပ်တွင် သွေးပါခြင်း။
- အဖျားတာရှည်ခြင်း။
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း။
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း။
- ကျောရင် အောင့်ခြင်း။

(ဂ) ကြိုတင်ကာကွယ်ခြင်း

- ရင်သွေးငယ်များအား ကာကွယ်ဆေး (ဘီစီဂျီ)ကို မပျက်မကွက်ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပဝါကို အသုံးပြုပါ။
- သလိပ်နှင့် တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှ ရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) ကုသမှုခံယူခြင်း

- **“တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု”** နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှအကောင်းဆုံး ကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါ သံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ဒက္ခိဏာသာခါကျောင်းလမ်း၊ ခြံအမှတ်(၂)နေ (ဦးတင်မောင်–ဒေါ်စောဝင်း) တို့၏သား

ကိုမျိုးမြင့်

B.E (Meach), Dip. in Japanese (I.F.L)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်၄၇၊ တတိယထပ်နေ (ဦးတင်–ဒေါ်ငြိမ်းခင်)တို့၏သမီးထွေး

မလှမြင့်

B.Sc (Zoology), J.A.T.

တို့၏ ၆–၅–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆရာသမားများနှင့် ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

ကိုမျိုးမြင့်–မလှမြင့်။

ဓမ္မာစရိယတန်းအတွက် တိပိဋက ယောဆရာတော်၏ ဓမ္မာစရိယလမ်းပြကျမ်း အမှတ်(၁) ထွက်ပါပြီ

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်)

၁။ Asst:Project Engineer ကျား (၂)ဦး
-B.E(Civil) လုပ်ငန်းအတွေ့အကြုံ ရှစ်နှစ်ရှိရမည်။

၂။ Operation Engineer/ ကျား (၁၀)ဦး
Asst: Operation Engineer
A.G.T.I (Civil) လုပ်ငန်းအတွေ့အကြုံ ငါးနှစ်ရှိရမည်။

၃။ Quantity Surveyor မ (၂)ဦး
B.E (Civil) လုပ်ငန်းအတွေ့အကြုံ ငါးနှစ်ရှိရမည်။

၄။ Asst: Quantity Surveyor မ (၄)ဦး
A.G.T.I (Civil) လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။

၅။ Electical Engineer ကျား (၂)ဦး
-B.E (Electrical) (or)A.G.T.I (Electrical)
လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။

၆။ Water Supply Engineer ကျား (၂)ဦး
-B.E (Civil) (or) A.G.T.I (Civil)
လုပ်ငန်းအတွေ့အကြုံ ငါးနှစ်ရှိရမည်။

၇။ Quality Contorol Engineer ကျား (၁)ဦး
-B.E(Civil) လုပ်ငန်းအတွေ့အကြုံ ရှစ်နှစ်ရှိရမည်။

၈။ Asst: Quality Control Engineer ကျား (၂)ဦး
A.G.T.I (Civil) လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။

အထက်ပါ ရာထူးများအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့် အစုံ၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံ ရေးသား၍ ကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ– Tet Kham Construction Co., Ltd.

No.166, 10th Floor, MMB Tower, Upper Pansodan Road
Mingalar Taungnyunt Township, Yangon.
Ph: 383136, 383137, 383139

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မ တို့၏သား မောင်ကျော်ကျော်စိုး ၇/ဖမန(နိုင်) ၀၉၆၇၉၈ သည် မိဘသဘောမတူသည့် ကိစ္စကိုဆောင်ရွက်လုပ်ကိုင်ပြီး မိဘနှစ်ပါး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါ၍ ၃၀–၄–၂၀၀၄ရက်မှစ၍ အမွေစား အမွေခံ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
မိဘများ–ဦးသိန်းအောင်–ဒေါ်အေးကြည်။

သားအဖြစ်မှ အမွေပြတ်စွန့် လွှတ်ခြင်း

ကျွန်တော်–ကျွန်မ တို့၏ သားဖြစ်သူ မောင်နိုင်လင်းထွန်း၅/စကန(နိုင်)၁၅၅၇၉၁သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ တို့အား လုံးဝတာဝန်မယူပါကြောင်း။

(စုံစမ်းမေးမြန်းနိုင်ပါသည်)

ဦးသန်းဝင်း–ဒေါ်ညွန့်လှိုင်
ခ/၄၊ ပါရမီရပ်၊ စစ်ကိုင်းမြို့။

တာဝန်မယူကြောင်း ကြေညာခြင်း

မြောက်ဥက္ကလာပမြို့ (စ) ရပ်ကွက်၊ အမှတ် ၅၀၂၊ မေဓာဝီလမ်းမနေ ကျွန်တော်၏ ဇနီးဖြစ်သူ မသီတာ ၁၂/ဥကမ(နိုင်) ၀၆၆၁၇၂သည် ကျွန်တော်၏ ပြောဆိုသွန်သင်မှုများကို လုံးဝနာခံမှုမရှိဘဲ မိမိသဘောဆန္ဒအလျောက် ကျွန်တော်မသိဘဲ တစ်ဖက်သတ်ပြုလုပ်မှုကိစ္စများနှင့်ပတ်သက်၍ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအေးလွင် ၁၂/ဥကမ(နိုင်)၀၆၆၁၀၃
မ/ဥက္ကလာပ။

ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန

(SEAMEO Regional Centre for History and Tradition)

CHAT Communication in English Course

သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန (SEAMEO Regional Centre for History and Tradition)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **ဖွင့်လှစ်မည့်သင်တန်းများ** – CHAT Communication in English Course
i. Basic Level I Course
ii. "Intermediate Level I Course
iii. °Intermediate Level II Course
iv. Advanced Level I Course
v. °Advanced Level II Course

(ခ) **ဖွင့်လှစ်ပို့ချမည့်သင်တန်းကာလ** – ၂၂–၅–၂၀၀၄ ရက်မှ ၈–၈–၂၀၀၄ ရက်အထိ (၁၂)ပတ်
(Basic I; Intermediate I; Intermediate II)
၂၂–၅–၂၀၀၄ ရက်မှ ၅–၉–၂၀၀၄ရက်အထိ (၁၆)ပတ် (Advanced I)
၂၀–၅–၂၀၀၄ ရက်မှ ၅–၉–၂၀၀၄ ရက်အထိ (၁၆)ပတ်
(Advanced II) (Thur, Sat, Sun 7:00 to 9:00) (Sat, Sun,3:00 to 6:00)

(ဂ) **သင်တန်းဖွင့်လှစ်မည့်နေရာ** – ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ ဌာန၊ ပြည်လမ်း၊ရန်ကုန်မြို့။

(ဃ) **သင်တန်းပို့ချမည့်နေ့နှင့်အချိန်** – Mon, Wed, Fri (7:00 to 9:00) (17:00 to 19:00)
Tue, Thur, Sat (7:00 to 9:00) (17:00 to 19:00)
Thur, Sat, Sun (7:00 to 9:00)
Sat, Sun (9:00 to 12:00);(12:00to15:00) (15:00 to 18:00)
တန်းခွဲတစ်ခုတွင် သင်တန်းသား ၃၀ သာ လက်ခံပါမည်။ ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။

(င) **သင်တန်းဝင်ခွင့်အရည်အချင်း** – Basic Level I Course အတွက် အနိမ့်ဆုံး အခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ခြင်း လက်မှတ်ရသူများ

– Intermediate Level I Course အတွက် Basic Level Course တက်ရောက်အောင်မြင်ပြီးသူများ၊
– Intermediate Level II Course အတွက် Intermediate Level I Course တက်ရောက်အောင်မြင်ပြီးသူများ၊
– Advanced Level I Course အတွက် Intermediate Level II တက်ရောက်အောင်မြင်ပြီးသူများ၊
– Advanced Level II Course အတွက် Advanced Level I တက်ရောက်အောင်မြင်ပြီးသူများ၊

(စ) **လျှောက်လွှာစတင်လက်ခံမည့်ရက်** – ၁၈–၅–၂၀၀၄(ဓာတ်ပုံနှစ်ပုံနှင့် အောင်လက်မှတ်များ ယူဆောင်လာရန်)

(ဆ) **လျှောက်လွှာပိတ်မည့်ရက်** – ၂၀–၅–၂၀၀၄

၂။ Advanced Level II Course ကို စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ပြီး သတ်မှတ်သင်တန်းချိန် ပြည့်မီအောင်တက်ရောက်ထားသူများအား Diploma လက်မှတ်ပေးအပ်ပါမည်။

၃။ အသေးစိတ် အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း–၅၁၅၁၈၀၊ ၅၃၉၇၀၈

ခရင်း ခြောက်မျိုး အထူးကုသမားတော်ကြီးဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး ခရင်း ခြောက်မျိုးနှင့်အတက်ရောဂါ၊ ဝက်ရူးပြန် ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဝေဒနာရှင်များကို သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နနွင်းခါး၊ဘုမ္မရာဇာ၊ ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါကို ဖိတ်ခေါ်လိုက်ပါသည်။ **ဥပုသ်နေ့ပိတ်သည်။**

သမားတော်ကြီး ဦးကျော်ဟိုး အမှတ် ၃၇/၂၊ဇင်ယော်လမ်း၊ ၁၄ရပ်ကွက်၊ မြင်သာအိမ်ရာ(၂)၊ တောင်ဥက္ကလာပ၊ ရန်ကုန်။

Taxi ကားငှားမည်

ဘ/Carina (၈၅)

နံနက်ထုတ် ညသွင်း လသာ မြို့နယ်တွင် ကားထုတ်ရမည်။

ဖုန်း–၂၂၂၅၀၄

အမြန်ဝယ်လိုသည်

Fork Lift

(နှစ်တန်၊ သုံးတန်)

ကားတစ်စီးဝယ်လိုပါသည်။

ဖုန်း–၆၃၆၄၆၀၊ ၆၃၆၄၆၁

ဦးကြည်စိန် (ထားဝယ်)

Plex Chem.Co.

အသက်(၆၆)နှစ်

ထားဝယ်မြို့၊ သင်္ဘောဆိပ်ရပ်နေ (ဦးရန်းနား–ဒေါ်အင်သီ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းသွယ် 5(B)၊ အိမ်အမှတ် ၅၈၀ E-2နေ (ဒေါ်တင်နွယ်ခ၊ အငြိမ်းစားပါမောက္ခ)၏ခင်ပွန်း၊ဦးမြတ်ဆု (Director Timber Land Co.)–ဒေါ်ခိုင်မာဝင်း(နည်းပြ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ မောင်ရည်မွန် (ခေတ္တ U.S.A)၊ မောင်ထွေးညီညီ (B.E; Electronic၊ M.Sc; Mobile & Personal Communication)King's College UK ၊မနေခြည်သန်းအေးတို့၏ ဖခင်၊ မောင်ရွှေသွေး(I.L.B.C)၊ မောင်ဟန်သစ်ညီညီ (Y.I.E.S)တို့၏အဘိုးသည် ၇–၅–၂၀၀၄ ရက် (သောကြာနေ့) နံနက် ၅း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉–၅–၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

The Union of Myanmar
Forest Products Joint Venture Corporation Limited

Price Quotation No.(01/2004-2005)

F.P.J.V.C Ltd Quotation Sale will be held as follows.

Commodity	Quantity (about Tons)	Location
(a) Teak Logs & Conversions	227	- South Dagon Depot - Hponedawtoe Depot(Mandalay) - Tharketa Timber Shop - Yankin Timber Shop
(b) Hardwood Logs	713	- South Dagon Depot
Total	940	

Closing Date : (18.5.2004) Tuesday (12:00)Noon.

Please Contact F.P.J.V.C Ltd. No.422-426, Corner of Botataung Pagoda Road and Strand Road for further details.

Tel: 202060,202101(Ext)-127. **Tender Committee**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဇ/၆၃၈ ယာဉ် လက်ဝယ်ရှိသူက(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းရုံး(မကွေး)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂က/၆၄၂၉ ယာဉ် လက်ဝယ်ရှိသူက (ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းရုံး(မကွေး)**

ဝမ်းနည်းကြေကွဲခြင်း

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း–ဒေါ်ခင်မော် ၏မိခင် ဒေါ်ခင်ပေါ(မြင်းခြံမြို့) ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ သဃ်န်းကျွန်းပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း။**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ပေါ (မြင်းခြံ)

အသက် (၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ(မြင်းခြံ)အသက် (၇၉) နှစ်သည် ၆–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာအတတ်သင် (DEPT) နှင့် ပညာရေးကောလိပ်များ ။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိန်ဝင်း (၇၈)နှစ် (မြန်မာ့မီးရထား)

ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်၏ ဖခင် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တောင်ကြီး၊လွိုင်လင်၊မိတ္ထီလာခရိုင်နှင့် လမ်းအထူးအဖွဲ့(၁၃) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(တောင်ပိုင်း)မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ကိုမျိုးမင်းဦး (ရေနံချောင်း) အသက်(၂၆)နှစ်

ဦးအုန်းမြင့်(အထွေထွေမန်နေဂျာ၊ သာကြီးတောင် စပယ်ရေနံမြေ)–ဒေါ်သန်းသန်းခင်တို့၏ သားငယ်သည် ရေနံချောင်းမြို့နေအိမ်၌ ၈–၅–၂၀၀၄ ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမှုဖြစ်ရပါကြောင်း။ **အရာထမ်းများ၊ ဝန်ထမ်းများ သာကြီးတောင်–စပယ်ရေနံမြေ**

မောင်ဇေယျာစိုး(ခ) ကိုကို

အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၄)လမ်း၊ အမှတ်(၂၉)နေ ဦးကျင်စိန်–(ဒေါ်စောကြည်)တို့၏မြေးဦး၊ ဒေါ်သင်းသင်းကြည်၊ ဦးအေးလွင်–ဒေါ်ခင်ဝင်းကျော်၊ ဦးမြင့်လွင်–ဒေါ်မိုးမိုးဆွေ၊ ဒေါ်နုနုကြည်–ဦးရှုမောင် တို့၏တူ၊ ဦးသန်းလွင်စိုး(ဌာနမှူး–ဆက်ဆံပြန် ကြားမြို့တော်စည်ပင်)–ဒေါ်ဝင်းဝင်းကြည် တို့၏ ချစ်လှစွာသော သားကြီး၊ မောင်ငြိမ်းလွင်စိုး၊ မောင်သန်းမြတ်စိုး၊ မမေသူသူဝင်းတို့၏အစ် ကိုကြီး၊ ဒေါ်နီနီ၊ ဒေါ်ခင်စိုးမြင့်၊ ဦးလှမြင့်(လ/ထ ဌာနမှူး၊ အခွန်ဌာနမြို့တော်စည်ပင်)–ဒေါ်မြင့်မြင့်ရီ၊ ဦးဇော်မင်းထွန်း(ဌာနခွဲမှူး၊ ထုတ်လုပ်ရေးဌာန၊ မြို့တော်စည်ပင်)–ဒေါ်အေး အေးညွန့် (ဌာနခွဲမှူး၊ ရေ/သန့်မြို့တော်စည်ပင်) တို့၏ တူသားဖြစ်သူ မောင်ဇေယျာစိုးသည် ၈–၅–၂၀၀၄ ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၎င်းနေ့ညနေ ၃ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး စီးပါ ကြောင်းရပ်ဝေးရပ်နီးရှိဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၄–၅–၂၀၀၄ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာယူရန် အမှတ် ၂၉၊ ၄၄ လမ်းတွင် ပြုလုပ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးကြည်
အသက်(၈၈)နှစ်

မန္တလေးမြို့၊ ၆၃လမ်း၊ ၃၀/၃၁လမ်းကြား၊ နယူးစီဗွီလိုင်းရပ်၊ အိမ်နံပါတ် ၁၁/ခနေ (ဦးကိုကိုကြီး)စက်ရှင်တရားသူကြီး၏ဇနီး၊ ဦးရည်လွင်ညို–ဒေါ်သီတာမွန်(ပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ တောင်ကြီးတက္ကသိုလ်)၊ ဦးစိုးမြင့်(ဦးစီးအရာရှိ၊ငြိမ်း၊ဆ/မ)–ဒေါ်ခင်သန်းငွေ(ငြိမ်း၊ မနနလဆေးရုံ)၊ ဦးတိုးမြင့်(ဦးစီးအရာရှိ၊ ဆ/မ)–ဒေါ်အမာတင်၊ (ဦးတင်မောင်ဌေး)–ဒေါ်နီနီ(ငြိမ်း၊ မနနလဆေးရုံ)၊ ဦးဗိုလ်ဗိုလ်(ဦးစီးအရာရှိ၊ငြိမ်း၊ဆ/မ)–ဒေါ်တင်ပိုင်(မတင်ပိုင်လက်ဖက်၊ ဈေးချို)၊ ဒေါ်မိမိ(ဒု–ဦးစီးမှူး၊ ဆ/မ)၊ (ဦးချိုချို)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၉–၅–၂၀၀၄ရက် နံနက် ၁၀း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀–၅–၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပေါ (မြင်းခြံမြို့)
အသက်(၇၉)နှစ်

မြင်းခြံမြို့၊ အမှတ် ၃ရပ်ကွက်နေ (ဦးထွန်းနိုင်–ဒေါ်ဖွားအုံ) တို့၏သမီး၊ (ဦးတင်မောင်) နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)၏ဇနီး၊ ရန်ကုန်မြို့နေ ပညာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း–ဒေါ်ခင်မော်၊ ဦးအုန်းမောင်–ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးခင်မောင်အေး–ဒေါ်လှလှဝင်း၊ဗိုလ်ကြီးသန်းဆွေဝင်း(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)–ဒေါ်စိုးပပ၊ ဦးဝင်းမြင့်သိန်း–ဒေါ်သန္တာဦးတို့၏မိခင်၊မြေး ၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၆–၅–၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် မြင်းခြံမြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈–၅–၂၀၀၄ရက် နံနက် ၉နာရီတွင် ရွာဇီသို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ကျန်ရစ်သူမိသားစု။

ဒေါ်မြတင် (ရန်ကင်း)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ တိုက် ၂၀၆၊ အခန်း ၂၉ နေ (ဦးအောင်ကြီး–ဒေါ်စိန်စိန်)တို့၏သမီး၊ ဦးဆန်းမော်၏ဇနီး၊ ဦးလတ်မြင့်–ဒေါ်မာမာ၊ (ဦးသာဒင်)၊ ဒေါ်တင်တင်တို့၏ညီမ၊ ဒေါ်ကျော့ကျော့၊ ဦးနီတွတ်၊ ဒေါ်စီနားတို့၏အစ်မ၊ (ဦးဇော်ထွန်း)၊ ကိုပေါက်–မညိုမီတို့၏မိခင်၊ တူ တူမ ငါးယောက်တို့၏အဒေါ်သည် ၁၀–၅–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် အောင်ဇေအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းလှိုင် (စိန်ဂျွန်းကျောင်းသားဟောင်း)
မန်နေဂျာ(ရုံးချုပ်)မြန်မာယူနီဗာဆယ်ဘဏ်
အသက်(၄၃)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးလှိုင်–ဒေါ်ယဉ်ကြည်တို့၏သား၊ အမှတ် ၂၃၊ ၁၄၁ လမ်း၊ မအူကုန်း၊ တာမွေမြို့နယ်နေ (ဦးထွန်းလှိုင်–ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်လှိုင်(ပြန်/ဆက်၊တာမွေ)၊ ဦးသန်းစိုး–ဒေါ်နုနုလှိုင်၊ ဦးခင်မောင်စိုးတို့၏ညီ/မောင်၊ မခင်မာလှိုင်(MUB၊ ဆူးလေ)၊ မစုစုလှိုင်(မြန်မာ့စီးပွားရေးဘဏ်)၊ မခင်အေးမူ၊ မခင်သန်းမူ၊ မောင်မင်းသိမ်းတို့၏အစ်ကို၊ ဒေါ်ခင်ငွေရီ(ခ)မချို၏ခင်ပွန်း၊ မအိမ့်သီရိလှိုင်(V-A)၊မဝင့်သဥ္ဇာလှိုင်(I-A၊ အထက–၄၊ ဗိုလ်တထောင်)တို့၏ဖခင်သည် ၁၀–၅–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးသန့် (မြစ်ခြေ)
အသက်(၇၆)နှစ်

ပခုက္ကူခရိုင်၊ မြစ်ခြေမြို့နေ B.O.C ကန်ထရိုက်တာ(ဦးမောင်ကြီး–ဒေါ်ဖွားနှစ်)တို့၏သမီး၊ တိုက် ၃၇၀၊ အခန်း ၁၅၊ အမှတ်(၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးထိုက်ကြွယ်(အငြိမ်းစား၊ ကျန်းမာရေးမှူး)၏ ဇနီး၊ ဒေါ်အေးသွင်(မြစ်ခြေမြို့)၏ညီမ၊ (ဒေါ်အေးမေ)၊ (ဦးသိန်းဝေ)၊ ဒေါ်ပိုပိုအေးတို့၏အစ်မ၊ ဦးစဝ်ညိုဝင်း–ဒေါ်ချိုချိုအေး၊ ဦးညွန့်အောင်–ဒေါ်မိုမိုအေး၊ ကိုရဲလင်းဦး၊မမြတ်လေးထိုက်ကြွယ်(စီးပွား/ကူးသန်းရုံးချုပ်)၊ကိုညီညီလတ်၊ကိုအောင်မွန်၊ ဒေါက်တာခိုင်မြတ်စု (မျက်စိအထူးကုဆေးရုံကြီး)၊မြေးခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၀–၅–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၀၀း၄၀ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဝါဝါယဉ်ဝင်းစိုး
(မန္တလေး)
B.A (ဂီတ)၊ B.Ed
နည်းပြ
(ရန်ကုန်ပညာရေးတက္ကသိုလ်)
အသက်(၃၀)

မန္တလေးမြို့၊ ဥပုသ်တော်ရပ်ကွက်နေ ဦးမောင်မောင်စိုး–ဒေါ်မြမြ (ကျောင်းအုပ်၊ အမက–၃၊ မန္တလေး)တို့၏ သမီးကြီး၊ (ဦးစံအောင်)–ဒေါ်သန်းကြည်တို့၏သမီးချွေးမ၊ မောင်ငြိမ်းချမ်းစိုး–မသင်းသင်းအေး၊မလင်းလင်းစိုး(အမက–၁၅)၊မကြော့ကြော့စိုး၊မောင်ထက်မြတ်စိုး၊ မောင်သန်းဟန်စိုးတို့၏အစ်မ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ မြဝတီအရာရှိရိပ်သာ၊ တိုက် ၅၁၊ အခန်း ၁ နေ ဗိုလ်ကြီးစိုးဝင်း (ကာကွယ်ရေးဝန်ကြီးဌာန)၏ ဇနီး၊ သားငယ်၊ ဘောဘီယဉ်ဝင်းစိုး၏ မိခင်သည် ၁၀–၅–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တိုက် ၅၁၊ အခန်း ၁ ဖဆပလ နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းရင်
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၆၅ နေ (ဦးအေးသွယ်–ဒေါ်စန်းမေ)တို့၏သမီးကြီး၊ ဦးမြအုန်း (ဟိုတယ်/ခရီး၊ ငြိမ်း)၏ဇနီး၊ (ဦးခင်မောင်အေး)–ဒေါ်ညွန့်ထွေး၊ ဦးသိန်းဝင်း(ပြည်တွင်းရေကြောင်း)–ဒေါ်ခင်စန်းနုတို့၏အစ်မကြီး၊ (ဦးကြည်သိန်း)–ဒေါ်စိုးစိုးဝင်း (Shang Rila Hotel Dubai)၊ ဦးသိန်းဇော်–ဒေါ်စိုးစိုးရီ (Dusit Inyalake˚Hotel)၊ ဦးသီဟထွန်း (Moojin Marine Co., Ltd.)–ဒေါ်သန်းသန်းဝင်း (Savoy Hotel)၊ ဦးဇေယျာဆွေ (Grand Royal Park Hotel)–ဒေါ်အေးအေးသင်း၊ မခင်စန်းထွေး(J.W Mariott Hotel Dubai)တို့၏မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၉–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၅–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
Nazneen (ခ)
ဒေါ်ကြည်ကြည်မြင့်
အသက်(၄၀)

ရန်ကုန်မြို့၊ အမှတ် ၂၅၂၊ အခန်း ၃၀၁၊ ရာဇာဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်နေ ဦးထွန်းတင်–ဒေါ်နာရ်ဂစ်တို့၏သမီး၊ ကိုမျိုးသိန်း၊ မဖြူဖြူခင်၊ မမူမူသန်းတို့၏ညီမ၊ မခင်မေရီ၊ မစန္ဒာတို့၏အစ်မ၊ မောင်မျိုးမင်းသန်း၊ မဇင်မာထွန်း၊ မဝတ်ရည်ထွန်းတို့၏ မိခင်၊ ဦးထွန်းသန်း (မန်နေဂျာ၊ MITC/UNPL)၏ဇနီးသည် ၁၀–၅–၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၄း၅၀ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပြီဖြစ်ပါ၍ ၁၁–၅–၂၀၀၄ရက် (အင်္ဂါနေ့) ဇဟိုရ်နမာဇ်အပြီး မွန်းလွဲ ၂ နာရီတွင် ရေဝေး မူဆလင်သုသာန်သို့ ပို့ဆောင်ဒါဖနာမည်ဖြစ်ပါကြောင်း။ (ဇဟိုရ်နမာဇ်အပြီးတွင်ကားများ လမ်း ၃၀ ဗလီမှ ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း(လားရှိုး) နာမကျန်းဖြစ်စဉ် ဂရုတစိုက်ကုသပေးခဲ့ကြသည့် တောင်ငူဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်ဆရာဝန် ဆရာမများ၊ တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)တွင် တက်ရောက်ကုသနိုင်ရန် စီစဉ်ပေးသည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ တက်ရောက်ကုသစဉ်ပြုစုကုသပေးခဲ့ကြသော တပ်မတော်ဆေးရုံကြီး တပ်မှူးနှင့်အထူးကုပါရဂူကြီးများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် အခြားဆေးရုံဝန်ထမ်းများ၊ ကိစ္စအရပ်ရပ်တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးဌာနခွဲ မိသားစုများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မိသားစုများ၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် မိသားစုများ၊ တပ်မတော်ဆေးရုံကြီး မိသားစုများ၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် မိသားစုများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မိသားစုများ၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ၊ ဈာပနတွင် လိုက်ပါပို့ဆောင်ကြသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်သန္တာညွန့်
(လက်ရွေးစင် လက်ဖက်ရည်ဆိုင်)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၊ ပြည်တော်အေးလမ်း၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး (ဦးညွန့်)–ဒေါ်သန်းသန်းတို့၏သမီးကြီး၊ ဦးဝင်းလှိုင်ညွန့်–ဒေါ်ခင်စန်းစန်း(စိတ်လှစတိုး)၊ ဒုတိယဗိုလ်မှူးကြီးဇော်မင်း(လေ)–ဒေါ်နီလာညွန့်၊ ဦးအေးနိုင်ညွန့်၊ ဦးအောင်ကျော်ထွန်း–ဒေါ်မြစန္ဒာညွန့်၊ ဦးအောင်ကျော်ညွန့်–ဒေါ်မွန်မွန်မြင့်၊ဗိုလ်ကြီးမောင်မောင်ထွန်း–ဒေါ်သီတာစိန်ညွန့်တို့၏အစ်မကြီး၊ မောင်ထက်အောင်လင်း(ခ)မောင်ဇော်ထက်(န၀မတန်း၊ အထက–၂၊ ဗဟန်း)၏မိခင်၊ တူ တူမ ၁၀ ယောက်တို့၏ကြီးကြီးသည် ၁၀–၅–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဗွမ်းဇထန်
(U Vum Za Thang)
တပ်ကြပ်ကြီး(ငြိမ်း)
အသက်(၇၆)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ရွာနေ (ဦးထန်တွောင်–ဒေါ်ဖွတ်ဒိမ့်)တို့၏သား၊ (ဒေါ်ကြောင်ခိုဒိမ့်–ဦးမာန်လျှန်း)၊ (ဒေါ်ကျိန်ခိုကျိန့်)တို့၏ညီ/မောင်၊ ဗိုလ်မှူးကြီးဆွန်ခိုဝင်း(ငြိမ်း)–ဒေါ်သန်းသန်းလွင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အိမ်အမှတ် ၇၀၈ နေ(ဒေါ်နွမ်းခိုဒိမ့်)၊ ဒေါ်ဒိမ့်ခန့်ဟွဲတို့၏ ခင်ပွန်း၊ ဒေါ်ဒိမ့်မာန်–ဦးအွန့်တွောလ် (အလက ကျောင်းအုပ်၊ ဆတ္တား–ဟားခါး)၊ ဦးတွောင်ခန့်ခိုင်–ဒေါ်မန်းဇဒိမ့်(အမက ကျောင်းအုပ်၊ ငြိမ်း)၊ ဦးကမ်းခန့်ပေါင်၊ တပ်ကြပ်ကြီးကျင့်ဒိုးမာန်(မော်တော်ယာဉ်ဌာန၊ ပခုက္ကူမြို့)–ဒေါ်နွေဦး၊ (ဒေါ်ဒိမ့်လမ့်ကျိန်)၊ ဒေါ်ကျိန့်ဆွန့်ဝုန်–ဦးဝုန့်မွန့်ပေါင်၊ ဦးပေါင်မန်–ဒေါ်ညောင်ဟော့ကျိန်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁၀–၅–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၅–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ရန်ကုန် စီးယင်းနှစ်ခြင်းအသင်းတော် F.G.A(ဖူးဂေါ်စပယ်)နှင့် နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီ ˚P.E.Vအဗ္ဗဒူ(လ်)ဆတ္တားရ်(ခ)
ဦးသာထွန်း(ခ)ဦးသန်းထွန်း
အသက်(၇၄)နှစ်

ဒိုက်ဦးမြို့နေ (P.E.V ဦးဖိုးစိန်–ဒေါ်အေးရင်)တို့၏သား၊ (ဦးမောင်စိန်–ဒေါ်ဘီဘီ)တို့၏သားသမက်၊ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊အမှတ်(၄)ရပ်ကွက်၊ ဗိုလ်တထောင်လမ်း၊အမှတ် ၉/၁၁ နေ ဟာဂျီမ အာစီးယားဘီ(ခ)ဒေါ်မြစိန်၏ ခင်ပွန်း၊ (မြကျွန်း သစ်ရောင်းဝယ်ရေး)၊ ဦးသန်းရွှေ–ဒေါ်ခင်စိန်၊ ဦးအေးမောင်–ဟာဂျီမဒေါ်တင်တင်ဦး၊ ဦးလှရွှေ–ဒေါ်မြတ်သီတာထွန်း၊ ဦးမြသိန်း–ဒေါ်စန်းရီ၊ ဦးအောင်ထွန်း–ဒေါ်လှလှစိန်၊ မောင်စိန်ထွန်းတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၁၀–၅–၂၀၀၄ရက် ညနေ ၅း၁၅ နာရီတွင်အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၁–၅–၂၀၀၄ရက်(အင်္ဂါနေ့) ဇိုဟိုရ်နမာဇ်အပြီး မွန်းလွဲ ၁း၃၀ နာရီတွင် သန်လျင်မြို့ ငါးပါးသခင်ဒါရ်ဂါဝင်း၌ ဒါဖနာပြုလုပ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း၊ လမ်း၊ရေတွင်း၊ရေစက်ဒါယကာကြီး
ဦးအေးရွှေ
(စား/ဖျော်၊ ငြိမ်း)
ငှက်ပျောချောင်း(ဝါးခယ်မ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၅ လမ်း၊ အမှတ် ၁၂၀၂ နေ (ဦးအေးမောင်–ဒေါ်မယ်ရင်)တို့၏သား၊ (ဦးမောင်မြ–ဒေါ်အုန်းတင်)တို့၏သားသမက်၊ (ဒေါ်အေးလှိုင်)၏ခင်ပွန်း၊(ဦးကြင်)–ဒေါ်အုန်းတင်၊ (ဦးအေး)–ဒေါ်သန်းခင် (မ/ဥက္ကလာပ)၊ ဦးဗိုလ်တို့၏ ညီ/မောင်၊ ဒေါ်တင်အေး၊ ဦးကြင်အောင်၊ ဦးလှမြင့်တို့၏အစ်ကို၊ ဗိုလ်ကြီးအုန်းလှိုင်(ငြိမ်း)–ဒေါ်သီတာရွှေ၊ ဦးအောင်မျိုးအောင် (Rothmans of Pallmall Myanmar Pte., Ltd.)–ဒေါ်ဥမ္မာရွှေတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၉–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၀း၁၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၁–၅–၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ဝင်း
စိန့်ဂျွန်းကျောင်းသားဟောင်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ်(ငြိမ်း)
အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးသောင်း)–ဒေါ်တင်တင်အေးတို့၏သား၊ (ဦးထွန်းကြွေ–ဒေါ်အုံးနု)တို့၏သားသမက်၊ (ဒေါ်စီစီမာ)–ဦးဝင်းမြင့်၊ ဒေါ်ရီရီနွယ်–ဦးမျိုးမြင့်၊ ဒေါ်ရင်ရင်ဆွေ–ဦးခိုင်စိုး၊ ဒေါ်မြင့်မြင့်အေး၊ဒေါ်ဖြူဖြူအေး–ဦးနိုင်ဦး၊ဒေါ်လှလှထွေး–ဦးမောင်မောင်မြင့်တို့၏အစ်ကိုကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊အင်ကြင်းလမ်း၊အမှတ် ၁၄နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ မကျော့ကေခိုင်၊ မပပဖြိုး–မောင်မိုးသူရတို့၏ ဖခင်၊ တူ တူမ ၁၁ ယောက်တို့၏ဦးလေးသည် ၉–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၅–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင်အေး
C.D.C-3640
Chief Officer, Hub Line
အထက(၁)၊ဒဂုံ
ယခင်မက်ဒရစ်ကျောင်းသားဟောင်း
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ ဘောက်ထော်၊ မာလာမြိုင်လမ်း၊ အမှတ် ၈ နေ ဒေါ်ခင်ခင်စိုး၏ ခင်ပွန်း၊ ကိုငြိမ်းချမ်းဇော်–မဝါဝါမင်း၊ ကိုတင်လင်းကို၊ ကိုအောင်သန်းဦး–မတင်ဇာဝင်း၊ မောင်သူရဝင်းတို့၏ ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုးသည် ၉–၅–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၆း၃၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၁–၅–၂၀၀၄ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မာမာအေး
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးမြင့်စိုး–ဒေါ်သန်းညွန့်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးသန်း–ဒေါ်သိန်းသိန်း(ခ)မြမြတို့၏သမီးချွေးမ၊ ဦးသန်းမြင့်ဝေ (အကြီးလေး)–ဒေါ်အေးအေးမွန်၊ ဦးစိုးနိုင်–ဒေါ်တင်တင်ထွေးတို့၏အစ်မ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် ၁၇/၅၉၂၊ သရက်ချောင်းလမ်း၊ (၂၅) ရပ်ကွက်နေ ဦးသက်မင်းသန်း (မြန်မာ့ကြယ်ငါးပွင့်သင်္ဘော)၏ဇနီး၊ မောင်ဖြိုးမြတ်မင်းသန်း၊ မခိုင်ဇင်ဇင်သက်၊ ညီညီမင်းသန်း၊ မသဒ္ဒါမင်းသန်းတို့၏ မိခင်သည် ၁၀–၅–၂၀၀၄ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၅–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် ၁၇/၅၉၂၊ သရက်ချောင်းလမ်း၊ (၂၅)ရပ်ကွက် နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးမောင်အုန်း (မယ်ဇလီကုန်း)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၆၈၊ ပိုက်လုံးလမ်းနေ (ဦးမြစ်–ဒေါ်ရွှေတင့်)တို့၏သား၊ (ဒေါ်တင်တင်)၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်နွဲ့ (အမှတ် ၁၂၊ ကြည်ကြည် ပိဋကတ်စာအုပ်ဆိုင်၊ ရွှေတိဂုံဘုရားဈေးတော်ရုံ တောင်ဘက်မုခ်)၊ ဦးဝင်းဆွေ–ဒေါ်ခင်စန်းရီ(အမှတ် ၃၉၊ ဓမ္မဂုဏ်ရည် ပိဋကတ်စာအုပ်ဆိုင်)၊ ဒေါ်ရီရီခင်(မြန်မာရေနံ)၊ ဦးညွန့်ဆွေ (B.V.S) – ဒေါ်အိအိဖြူ (Tour Guide)တို့၏ဖခင်၊ မောင်ကျော်စွာဝင်း (B.A, Software Engineer)၊ မခိုင်မြတ်မွန်သင်း (အထက–၃၊ ဒဂုံ)၊ မောင်အောင်ကျော်သူ၊ မစုစုဟန်တို့၏ အဘိုးသည် ၁၀–၅–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၅–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးခင်မောင်ဆွေ
(ရေ–ငြိမ်း)
(ကျိုက်လတ်)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇/ခ၊ ကုန်းမြင့်သာရိပ်သာ၊ (၆)ရပ်ကွက်၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်နေ (ဦးကျော်–ဒေါ်ငွေရီ)တို့၏သား၊(ဦးဘိုးထွေး–ဒေါ်ရွှေ)တို့၏သားသမက်၊ဒေါ်ကျင်မြ၏ခင်ပွန်း၊ ဦးဆွေဦး–ဒေါ်ထွေးထွေး၊ ဒေါ်သီတာဆွေတို့၏ဖခင်၊ မောင်ရဲရင့်ဆွေ၊ မောင်ဇေယျာဆွေ၊ မအိမ့်သီရိဆွေတို့၏အဘိုး၊ ဦးစံခင်–(ဒေါ်တင်မြင့်)၊ ဦးလှညွန့်–ဒေါ်စန်း၊ ဦးသိန်းမြင့်–ဒေါ်အေးသန်း၊ ဦးအေးသိန်း(ဦးအသုံတွ)၊ ဦးသန်းအုန်း–(ဒေါ်ခင်မျိုးမြင့်)တို့၏အစ်ကိုကြီးသည် ၇–၅–၂၀၀၄ရက် (သောကြာနေ့) ည ၁၁း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဆေးကုသရေးဌာနတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၈–၅–၂၀၀၄ရက်(စနေနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

၁၃–၅–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းနု
(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၅၊ သုခမလမ်း၊ ဆရာစံမြောက်ရှေ့၊ ဗဟန်းမြို့နယ်နေ (ဦးအောင်ခင်)–ဒေါ်တင်ရီတို့၏ သမီး၊ ရေချကြီးမြို့၊ မြို့မရပ်နေ(ဦးရှိန်–ဒေါ်စု)တို့၏သမီးချွေးမ၊ ကန့်ဂေါ်မြို့၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာနေ ဦးတင်မောင်လတ်(စာရင်းကိုင်၊ ငြိမ်း)၏ဇနီး၊ မောင်အောင်ကိုလတ်၊ မထိုက်စုလတ် (B.Sc မန္တလေး)၊ မဝေမီလတ်တို့၏မိခင်သည် ၁၀–၅–၂၀၀၄ရက် ညနေ ၆း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (သဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင်အေး
C.D.C-3640
Chief Officer, Hub Line
အထက(၁)၊ဒဂုံ
ယခင်မက်ဒရစ်ကျောင်းသားဟောင်း
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ ဘောက်ထော်၊ မာလာမြိုင်လမ်း၊ အမှတ် ၈ နေ (ဦးမင်းကြည်)–ဒေါ်အုန်းရင်တို့၏သားကြီး၊ (ဦးကိုကိုကြီး–ဒေါ်ထွေး)တို့၏ သားသမက်၊ ဒေါ်ခင်ခင်စိုး၏ခင်ပွန်း၊ (ဦးအောင်မိုးဟိန်း)–ဒေါ်နနု၊ ကိုအောင်မိုးမင်း–ဒေါ်မြမြစိန်၊ ဦးအောင်ဇော်မင်း–ဒေါ်မေသန်းနွယ်၊ ဦးလှသမိန်–ဒေါ်အမာစိန်၊ ဒေါ်အေးအေးမင်း၊ ဦးထူးမင်း–ဒေါ်လဲ့လဲ့တို့၏အစ်ကိုကြီးသည် ၉–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၆း၃၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၁–၅–၂၀၀၄ရက် ညနေ ၃း၃၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ဘ၀နတ်ထံပျံလွန်တော်မူခြင်း
မင်္ဂလာဒုံမြို့နယ် သံဃနာယကဥက္ကဋ္ဌ(ဟောင်း)၊
မြို့နယ်သံဃနာယက ဩဝါဒါစရိယဆရာတော်၊
ကျိုက္ကလော့စေတီတော်၊ ကျိုက္ကလဲ့စေတီတော်၊
အောင်ချမ်းသာစေတီတော်ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊
သီတာရုံကျောင်းတိုက် ဦးစီးပဓာနဆရာတော်
ဘဒ္ဒန္တ ကေတုမာလာ မဟာထေရ်မြတ်
သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်၊ သီတာရုံကျောင်းတိုက် ဦးစီးပဓာနဆရာတော်ဘဒ္ဒန္တ ကေတုမာလာ မဟာထေရ်မြတ်သည် (၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်) ၅–၅–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၅နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) ၉–၅–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်စံကျောင်းချပူဇော်ပြီး (၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက်) ၁၅–၅–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ၁နာရီတွင် အန္တိမအဂ္ဂိဈာပနပွဲဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

ဘ၀နတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ နာယက
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်ကွက်၊ ရွှေစေတီပါဠိတက္ကသိုလ်တိုက်သစ် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာယက(အဂ္ဂမဟာပဏ္ဍိတ)သည် ၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက် (၉–၅–၂၀၀၄ရက်) တနင်္ဂနွေနေ့ ည ၇း၃၀ နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက် (၁၇–၅–၂၀၀၄ရက်) တနင်္လာနေ့တွင် အန္တိမဈာပနပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများသိစေရန် အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘ၀နတ်ထံပျံလွန်တော်မူခြင်း
မြစ်သားမြို့နယ် ၊ကသဲကုန်းကျေးရွာ၊မင်းကုန်းကျောင်းတိုက်
ရပ်/ကျေးသံဃနာယကဥက္ကဋ္ဌ(သာသနဓဇ ဓမ္မာစရိယ)
ပဓာန နာယကဆရာတော် ဘဒ္ဒန္တ တေဇနိယ
သက်တော်(၇၀)၊ သိက္ခာတော်(၅၀)

မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကသဲကုန်းကျေးရွာ မင်းကုန်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ တေဇနိယ(သာသနဓဇ ဓမ္မာစရိယ)၊ မြို့နယ်ဝိနည်းဓိုရ်နာယက၊ မြစ်သားမြို့နယ်လုံးဆိုင်ရာ ဘုန်းတော်ကြီး ပညာသင်ကြားရေးဥက္ကဋ္ဌ၊ ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးဥက္ကဋ္ဌဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်(၅–၅–၂၀၀၄ရက်)ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁း၁၅ နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက် (၁၅–၅–၂၀၀၄)ရက်တွင် ကြာကလပ်တင်စံကျောင်းချအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ဈာပနကော်မတီ။

ဦးအောင်ချို
B.V.S တိ/မွေးကုဆရာဝန်
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ အမှတ်(၂၃/B)နေ ဝဏ္ဏကျော်ထင်(ဦးသန်းမောင်)ရှမ်းပြည်နယ်ပညာရေးမှူး–(ဒေါ်သန်းခင်)တို့၏သား၊ ဦးမြင့်စိုး–ဒေါ်စိုးစိုးမြင့်၊ (ဦးမောင်မောင်)–ဒေါ်ခင်ရီသန်းတို့၏ညီမောင်၊ ဦးမျိုးထွန်း(လ/ထညွှန်မှူး၊ သစ်တောစီမံ/စီ)–ဒေါ်ဆွေဆွေသန်း၊ ဒေါက်တာအောင်သန့်ဇင် – ဒေါ်ညွန့်ညွန့်သန်း (အထက–၃၊ ပြည်မြို့)၊ ဦးဇော်ဝင်း–(ဒေါ်သန်းသန်းဆင့်)၊ ဦးသန့်ဇင်(ခ)ကိုတိုး–ဒေါ်နီလာဝင်းတို့၏အစ်ကို၊ တူ တူမ ၁၇ယောက်တို့၏ဦးလေး၊ အမှတ် ၆၈၊ က–၆လမ်း၊ အင်းစိန်မြို့သစ်နေ ဒေါ်ခင်မေလွင်၏ခင်ပွန်း၊ မောင်နေမျိုးရှင်–မချိုစုစုကြည်၊ မချိုနေမင်းကြည် (B.A မြန်မာ)၊ မောင်နေအောင်ချို (Final သမိုင်း)၊ မချိုနွေးနွေးကြည် (ပထမနှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မောင်သုတဇော်(အမက–၁၂၊အင်းစိန်)တို့၏ဖခင်၊ မသဒ္ဒါမျိုးရှင်၊ မယသော်မျိုးရှင်တို့၏အဘိုးသည် ၉–၅–၂၀၀၄ရက် နံနက်၁နာရီတွင် ဗဟိုစည်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၁–၅–၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အင်းစိန်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ငွေ
(ရှမ်းလမ်းဈေး၊ ဈေးများဌာန)
အသက်(၄၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ အမှတ် ၂၁၊ ပန်းခြံလမ်းနေ မိတ်ဆက်(ဦးတင်ညွန့်–ဒေါ်ခင်ချစ်)တို့၏ သမီး၊ ဦးမောင်–ဒေါ်တင်လှတို့၏ ချွေးမ၊ ဦးမျိုးဝင်း–ဒေါ်ကြည်ငွေ၊ ဦးငွေညွန့်–ဒေါ်အေးသိန်း၊ (ဦးသန့်ဇင်)၊ (ဦးငွေချစ်)–ဒေါ်စန်းမြင့်တို့၏ ညီမ၊ ဦးလှငွေ၊ ဦးအောင်ကြီး၊ ဒေါ်အေးအေးမြင့်တို့၏ အစ်မ၊ ဦးတင်အေး၏ဇနီး၊ မခင်နွေးနွေးငြိမ်း၊ မခင်ထွေးထွေးငြိမ်းတို့၏ မိခင်၊ တူ တူမ ၁၃ ယောက်တို့၏ အဒေါ်သည် ၉–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၅–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးလွင်(ခ)ဦးအေးအောင်
B.A, B.L, B.C.S
ဒု–အထွေထွေမန်နေဂျာ(ငြိမ်း)
မြန်မာ့ကုန်တိုက်
ဖက်စပ်(၄) MD (ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၇၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်စု (အထက်တန်းပြ၊ ငြိမ်း၊အထက–၄၊မင်္ဂလာတောင်ညွန့်)၏ ခင်ပွန်း၊ဗိုလ်မှူးတင်မြင့်သိန်း၏ဖခင်သည် ၇–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၅–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမော်ဂင်ရာဂျာ
အကောက်ခွန်မှူး(ငြိမ်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊အမှတ် ၁၂၁/က၊ သုဒဿန ၂ လမ်းနေ (ဗိုလ်ကြီး ဦး R ရာဂျာ–ငြိမ်း) – ဒေါ်အာသီလက်(ချ်)မီး(ခ)ဒေါ်မေစီတို့၏သား၊ ဒေါ်ဘေဘီရာဂျာ (သ/မဦးစီးဌာန)၊ မအေးအေးသန်းတို့၏အစ်ကို၊ရန်ကုန်မြို့၊ အမှတ် ၁၈၂/၂၀၂၊ အခန်း ၈၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်နေ ဦးပီတာဆန်လားဇရက်စ်–(ဒေါ်စံသီမာယာ)တို့၏သားသမက်၊ ဒေါ်ဖြူတီ၏ခင်ပွန်း၊ မောင်မျိုးမင်းမြတ်(တပ်မတော်–ရေ)၊ မောင်နိုင်လင်း(ပနစ်၊ သချၤာ)၊ မောင်ဒီဒီတို့၏ဖခင်၊ ဆရာမရီလာ(H.C.C)ဒေါ်နယ်စီ–ဦးမောင်မောင်မျိုး၊ ဒေါ်ဒိန်တီ–ဦးသိန်းဝင်း၊ မဒေဇီ၊ မဒေါ်လီတို့၏ အစ်ကို၊ မဒိုင်ယာနာ၊ မရှေဘီနာ၊ မောင်ဆွန်သာရ်ဆန်း၊ မောင်ဖရယ်ဒီဆန်တို့၏ ဦးလေးသည် ၉–၅–၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၆း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁–၅–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင်ဦးနောအောက်မေ့ဘွယ်ရာ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်ပြုလုပ်ပြီး ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများ ပီပီပြင်ပြင် ခိုင်ခိုင်မာမာတွေ့မြင် အမျိုးသားပညာရည်အဆင့်အတန်း တိုးတက်မြင့်မားရေး တက်ညီလက်ညီဆောင်ရွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆရာ၊ ကျောင်းသား တက်ကြွစွာကြိုးပမ်း

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမဌကျင်းပသည့် ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ■

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ် ဗန်ကောက်လေကြောင်းလိုင်း ပုံမှန်ခရီးစဉ်ဖွင့်လှစ်

သတင်းဆောင်းပါး – ကိုထွေး၊ စိုးစိုးနိုင် ၊ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့အကြား လေကြောင်းခရီးစဉ် ပျံသန်းသည့် ဗန်ကောက်လေကြောင်းလိုင်း(Bangkok Airways)၏ ဗန်ကောက်–ရန်ကုန်–ဗန်ကောက် ပုံမှန်ခရီးစဉ် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(ပြည်ပဆိုက်ရောက်ခန်းမ)၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဗန်ကောက်လေကြောင်းလိုင်း ဥက္ကဋ္ဌ Mr. Prasert Prasarttong°- Osothတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❐

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၂၀၀၅၆၃

ဝေဟင်တွင်ပျံသန်း

ဗန်ကောက်လေကြောင်းလိုင်းမှ Boeing 717-200 လေယာဉ်အား ဝေဟင်တွင် တွေ့မြင်ရစဉ်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဗန်ကောက်လေကြောင်းလိုင်း ဥက္ကဋ္ဌ Dr.Prasert Prasarttong-Osoth တို့က ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံဗန်ကောက်မြို့တို့အကြား လေကြောင်းခရီးစဉ် ပျံသန်းသည့် ဗန်ကောက်–ရန်ကုန်–ဗန်ကောက် ပုံမှန်ခရီးစဉ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)